မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၁၅၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)၊ စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ စာပေပညာရှင်ဆရာကြီး ဦးချစ်စံ (ချစ်စံဝင်း)နှင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့် - မြန်မာစာ) တို့ရရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး **ဒေါက်တာသန်းဦး (ပြည်စိုးမင်း)**၊ စာရေးဆရာမကြီး **ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)**၊ စာပေပညာရှင် ဆရာကြီး **ဦးချစ်စံ(ချစ်စံဝင်း)** နှင့် စာပေပညာရှင် ဆရာကြီး **ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)** တို့အား ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည် မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

နယ်ဘဏ်ခွဲအချို့သည့် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါသတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများကစိုးရိမ်ပူပန်မှုများ မြင့်တက်ကာ ဘဏ်များမှငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့် အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကြံခင်းမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ

စာမျက်နှာ ၉ ကော်လံ ၁ ◆

ယနေ့ မာတိကာ

၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ စာ ၅

ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် စက်သုံးဆီများ နေ့စဉ်ပို့ဆောင်လျက်ရှိ

ပြည်တွင်းသတင်း စာ ၇

အစ္စရေး - ဟားမားစ်ပဋိပက္ခအတွင်း အရပ်သား သေဆုံးမှုများကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာ မိုဒီ ပြစ်တင်ရှုတ်ချ

နိုင်ငံတကာသတင်း စာ ၁၃

ပြည်သူအားလုံးတတ်နိုင်သည့်ဘက်မှ ထောက်ပံ့အားပေးဝိုင်းဝန်းကူညီ

စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ် တိုက်ခိုက်ခံရသည့်သတင်းကို တွေ့မြင်ကြားသိလိုက်ရသူတိုင်းက အံ့အားသင့်ခဲ့ကြသည်။ ထို့အပြင် အွန်လိုင်းတွင် ပျံ့နှံ့နေသည့် ဓာတ်ပုံများအနက်မှ ဓာတ်ပုံတစ်ပုံနှင့် ပတ်သက်၍လည်း တွေ့မြင်ရသူတိုင်းက ဝမ်းနည်းကြေကွဲကြရသည်။ ရက်စက်စွာ သတ်ဖြတ်ခံထားရပြီး မောင်းပြန်သေနတ်ကိုင် အကြမ်းဖက်သမားက ခြေထောက်ဖြင့်နင်း၍ ဓာတ်ပုံရိုက်ခံထားရသူမှာ လက်နက်မဲ့၊ အပြစ်မဲ့သူ။ သတ်ဖြတ်ခံရသည့်နေရာသည် တက္ကသိုလ်ပရဝဏ်ဖြစ်ပြီး သတ်ဖြတ်ခံရသူသည် တက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ အဆိုပါ ဖြစ်စဉ်၌ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ အချို့တို့ အကြမ်းဖက်အဖွဲ့များ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပြီး ဆရာ၊ ဆရာမအချို့ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည်။

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏လုပ်ရပ်က စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်သည်။ စစ်ရေးဆိုင်ရာ ပစ်မှတ်မဟုတ်သော၊ ကျောင်းသား ကျောင်းသူ အများအပြား ပညာသင်ယူလျက်ရှိသော တက္ကသိုလ်အဆောက်အအုံကို ဦးတည်တိုက်ခိုက်ခြင်း၊ အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဇုန်အတွင်းမှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား အဓမ္မဖမ်းဆီးချုပ်နှောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များက ဂျီနီဗာကွန်ဗန်းရှင်းအရ စစ်ရာဇဝတ်မှုမြောက်သည့်အပြင် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေသဘောပါ သက်ဝင်နေခြင်းဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၆၀၁ (၂၀၂၁) UNSCR 2601(2021) ဖြစ်သည့် စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ဆရာ၊ ဆရာမများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအား ရှုတ်ချပြီး ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် ပညာသင်ကြားခွင့် အခွင့်အရေးကို အကာအကွယ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာလည်း ရောက်နေသည်။

အကြမ်းဖက်အဖွဲ့တို့၏ အဆိုပါ လုပ်ရပ်များအပေါ် ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများက နှုတ်ဆိတ်နေကြသော်လည်း ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းအသီးသီးတို့က လက်မခံဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြသည်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းမည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို မဖြစ်မနေတည်ဆောက်ရန်လိုသည်။ ပညာသင်ကြားမှုကို တားဆီးပိတ်ပင်ခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှု၊ နိုင်ငံ့အနာဂတ်ကို ဖျက်ဆီးမှုလည်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုဝင်ဘာ ၁၇ ရက် ရက်စွဲဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ်ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ထိခိုက်မှုမရှိစေဘဲ အမြန်ဆုံးပြန်လွှတ်ပေးသွားရန် လိုကြောင်း ထုတ်ပြန်ကြေညာထားသည်။

ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ ဝန်ထမ်းများအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများမှာ မလုပ်သင့် မလုပ်ထိုက်သော လုပ်ရပ်များဖြစ်သည်။ ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်စေသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် ပြိုကျပျက်စီးသွားသော လမ်းတံတားများတွင် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် မဖြစ်မနေသွားလာကြရသည့်အခါ အခက်အခဲများစွာ ကြုံတွေ့နေကြရသည်ကိုလည်း သတင်းများတွင် တွေ့မြင်ရသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များ အမြစ်ပြတ်ချေမှုန်းရေးတွင် ပြည်သူလူထုတစ်ရပ်လုံးက တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီထောက်ပံ့အားပေးကြရပါမည့်အကြောင်း။ ။

သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေ မွန်ဂိုလီးယားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ သမ္မတနန်းတော်၌ သမ္မတမစ္စတာ ခူရယ်လ်စုခ်အူခ်နာထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (ယာပုံ)

သတင်းစဉ်

World Children's Day

ကမ္ဘာ့ကလေးများနေ့

"For every child, every right"

"အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်

နေပြည်တော်

မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၃ ပညာသင်နှစ် အဝေးသင်တတိယအသုတ် ဝိဇ္ဇာဘာသာရပ်စာမေးပွဲ ဖြေဆိုပြီးစီး

မြစ်ကြီးနား နိုဝင်ဘာ ၁၈

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၃ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် (တတိယအသုတ်) ဝိဇ္ဇာဘာသာရပ်စာမေးပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် ဖြေဆိုပြီးစီးပြီဖြစ်သည်။

အဆိုပါ အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲကို နိုဝင်ဘာ ၁၃ ရက်က စတင်ဖြေဆိုရာ ဝိဇ္ဇာဘာသာတွဲလေးခုမှ ကျောင်းသား ကျောင်းသူ ၂၈၀၀ ကျော်ဝင်ရောက်ဖြေဆိုကြောင်းနှင့် ပထမအသုတ် အဝေးသင် သိပ္ပံဘာသာတွဲငါးခုတွင် ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်၊ ဒုတိယအသုတ် ဝိဇ္ဇာဘာသာတွဲ ခြောက်ခုတွင် ကျောင်းသား ကျောင်းသူ ၅၂၀၀ ကျော်ဝင်ရောက်ဖြေဆိုခဲ့သည်။

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်းများကို နိုဝင်ဘာ ၁၆ ရက်က ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားမည်ဖြစ်ကြောင်း မြစ်ကြီးနားတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နေပြည်တော် - တောင်ညို(ပန်းတင်) - မြို့သစ် - ကန်ပြား(မကွေး)လမ်း အဆင့်မြှင့်တင်

မကွေး နိုဝင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးခရိုင်လမ်းဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်-တောင်ညို (ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၇ ရက်က မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**

ခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် နေပြည်တော်-တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး) လမ်းပိုင်းတွင် ကတ္တရာလမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည်-မန္တလေးလမ်း (မိုင် ၃၃၄/၃-၃၃၄/၇) အတွင်းရှိ ကန်ပြားလမ်းအဝိုင်းပတ်ပြုပြင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးလမ်းဦးစီးဌာနနှင့် ခရိုင်လမ်းဦးစီးဌာန တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နေပြည်တော်-တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး) လမ်းပိုင်းများရှိ လုပ်ငန်းများတွင် ကတ္တရာလမ်း ကျောက်စီခင်းခြင်း၊ လမ်းဘေး(ဝဲ/ယာ) ရေမြောင်းတူးခြင်းနှင့် လမ်းပခုံးများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့သစ်မြို့နယ် လမ်းဦးစီးဌာန ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

လှဝင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ဆက်ကပ်ခြင်း အခမ်းအနားတက်ရောက်

ဟိုပုံး နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ တတိယအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာများနှင့်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်နှင့်ဇနီး၊ သံဃာတော်များအား ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

နေ့ဆွမ်းဆက်ကပ်

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ခွန်စံလွင်နှင့် ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး နာဂပုရသာသနာလင်္ကာရ သာမဏေကျော်အသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ဆက်ကပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲအသင်းဥက္ကဋ္ဌ ဆရာတော်၊ ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တုံခမ်းကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် ဦးအာလောကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ကဗျာဖြင့် ပူဇော်

ယင်းနောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ရ အထူးအောင် သံဃာတော်နှင့် သီလရှင်များအား ပအိုဝ်းဝိသာခါ ဓမ္မစကြာအသင်းမှ ရှစ်လုံးဘွဲ့ကဗျာဖြင့် ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးနှင့် တာဝန်ရှိသူများ၊ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်အသင်း တာဝန်ရှိသူများနှင့် ဒါယကာ၊ ဒါယိကာမများက နာဂပုရသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ရ အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နာဂပုရသာသနာလင်္ကာရဘွဲ့ ၉၅ ပါး

ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တန်ဆောင်မုန်းလဆန်း ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များ လာရောက်ဖြေဆိုခဲ့ရာ မူလတန်းအဆင့်တွင် ၁၂၇ ပါး၊ ပထမအဆင့်တွင် ၅၃၈ ပါး၊ ဒုတိယအဆင့်တွင် ၁၃၅ ပါး၊ တတိယအဆင့်တွင် ၉၅ ပါး အောင်မြင်ခဲ့ပြီး နာဂပုရ သာသနာလင်္ကာရဘွဲ့ ၉၅ ပါး ရရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲဖြေဆိုအောင်မြင်သည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကျင်းပစဉ်။

မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၈၃ ဦးတို့ကို အဆိုပါကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်းတိုက်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်မှ သံဃာတော် ၁၄၈ ပါးတို့ကို အဆိုပါကျောင်းတိုက်၌ လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ကျန်းမာရေးအသိပညာပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသရန် စီစဉ်ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ ရုံးများနှင့် ဘိုးဘွားရိပ်သာ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့ မူလတန်းကြိုကျောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့သို့ သွားရောက်၍ ပျော်ဘွယ်မြို့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တွေ့ဆုံဂါရဝပြုကာ ငွေကြေးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံကိုလည်းကောင်း(ဝဲပုံ)၊ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် မူလတန်းကြိုကျောင်းကိုလည်းကောင်း သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာ ခရိုင်တာဝန်ခံများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မီးဘေးလုံခြုံရေး အပါအဝင် လုံခြုံရေးကိစ္စရပ်များကို အထူးသတိပြု ဆောင်ရွက်ကြရန်၊ ရုံးအလိုက်၊ ဌာနအလိုက် မီးဘေးအပါအဝင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းအတွက် ဇာတ်တိုက်လေ့ကျင့်ထားကြရန်၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ သတိပြုဆောင်ရွက်သင့်သည်များ၊ လုပ်ငန်းခွင်တွင် စည်းလုံးညီညွတ်စွာနှင့် အေးချမ်းစွာ တာဝန်ထမ်းဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ဝန်ဇင်း ဘိုးဘွားရိပ်သာ ဘိုးဘွားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကို မေးမြန်းကြည့်ရှုပြီး ငွေကြေးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○**ရှေ့ဖုံးမှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက် ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့်အခြေအနေမျိုး ဖြစ်ပေါ်နိုင် ပါသည်။ ထို့အပြင် ဘဏ်များ၏ ပြင်ပတွင်ငွေသားများကို လိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင် ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင်သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်း ခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိ အခြေအနေတွင် ဘဏ်များတွင် ငွေသားများ အလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားနှင့်လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅) နှစ်အောက် ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းသားအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဒိုးကလေး FC ဘောလုံးအသင်းနှင့် ရောင်နီ FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုရရှိသူများ၊ ဒုတိယဆုနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်ဘောလုံးအသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် ရောင်နီ FC ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ တံခွန်စိုက် ဒိုင်းဆုနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

၂၀၂၃ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ဘောလုံးကလပ်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သက်နိုင် (မော်လမြိုင်)

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ်သုတေသနစာတမ်းစာဖတ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ် သုတေသနစာတမ်းစာဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစဉ်အလာများထိန်းသိမ်း

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စာတမ်းဖတ်ပွဲတွင် ကရင်၊ မွန်နှင့် ရခိုင်စာပေ ယဉ်ကျေးမှုအသင်းများမှ စာတမ်းပြုစုသူပညာရှင်များက ဖတ်ကြားမည်ဖြစ်၍ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုများကို တိုင်းရင်းသားများအချင်းချင်း နှီးနှောဖလှယ်နိုင်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာ၍ နားလည်မှု ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာ၊ ဓလေ့ထုံးတမ်းစသော အစဉ်အလာများကို ထိန်းသိမ်းကြပြီး နိုင်ငံနှင့်လူမျိုး၊ ဘာသာ သာသနာနှင့် ယဉ်ကျေးမှုတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသား တိုင်းရင်းသားတိုင်းက သမိုင်းပေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မင်းခင်စိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ယဉ်ကျေးမှုအဖွဲ့မှ စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်ဖြင့်ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း ဆက်လက်ကျင်းပရာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီအကြံပေး နိုင်စိုးအောင်က မွန်စာပေနှင့် ထီးလှိုင်ရှင်ကျန်စစ်သား၏ မျိုးရိုးဇာတိအား ဆန်းစစ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဖြူက ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြမင်း ရေးထိုးခဲ့သည့် စာရေးနည်း အတတ်ပညာကို လမ်းပြခဲ့သော အာနန္ဒစန္ဒြမင်းကျောက်စာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ မန်းသန်းဝင်းဦးက မြန်မာနိုင်ငံကရင့်ပညာရေး ခေါင်းစဉ်ဖြင့် စာတမ်း ဖတ်ကြားကြသည်။

ထို့နောက် ဖတ်ကြားခဲ့သည့် စာတမ်းအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ပြီး စာတမ်းရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးဝင်းဖေ စုပေါင်းရုံးအဆောက်အဦ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အဦနှင့် EV Charging Station တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အဆောက်အဦဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် (ခ) အဆင့် စုပေါင်းရုံးသုံးထပ် အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးသည်။

ဦးစွာ အဆောက်အဦ အထူးအဖွဲ့(၆) တာဝန်ခံအင်ဂျင်နီယာက Site Plan ၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစာရင်း၊ လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကဖြည့်စွက်ရှင်းလင်း တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးနှင့် လက်ရာလက်သား ကောင်းမွန်အောင် တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားပြီး စုပေါင်းရုံး သုံးထပ် အဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနှင့် ကနောင်မင်းသားကြီး လမ်းထောင့်တွင် ရာဇာမင်းကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် EV Charging Station လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဆောင်ရွက်လျက်ရှိသော EV Charging Station များကို ကော်မတီမှ သတ်မှတ်ထားသည့် ပုံစံအတိုင်း အမြန်ဆုံး ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးပါက ဖွင့်ပွဲ အခမ်းအနားဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာကSite Plan ၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစာရင်း၊ လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များကို ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးနှင့် လက်ရာလက်သား ကောင်းမွန်အောင် တည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အား တာဝန်ရှိသူအဆင့်ဆင့်မှ အထူးအလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆုများရရှိ

ဝတ္ထုရှည်ဆုတွင် ပထမဆုကို **တက္ကသိုလ်မြမွန်၏ တောင်ဇလပ်ပန်းတို့လန်းပါစေ**၊ ဒုတိယဆုကို **ရဲမင်းစိုး၏ အဖေ့အရိပ်များ**၊ တတိယဆုကို **ဝတ်ရည်ခင်(ပဲခူး)၏ ဝတ်မှုန်ကူးချိန်** စာမူများက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို **တင်တော်၏ "တုမဲ့နှုန်း၍ ရွှေဘုန်းမော်နိုင်ပါစေ" နှင့် ဝတ္ထုတိုများ စုစည်းမှု**၊ ဒုတိယဆုကို **နိုင်မျိုးသစ္စာ(နမ္မတူ)၏ ကမ္ဘာဆုံးတိုင်မုန်းနေမည် ဝတ္ထုတိုများ**၊ တတိယဆုကို **မင်းလပြည့်(ဟားခါး)၏ နှံ့ထဲက ပန်းရွှေကြာနှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ **ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဘုန်းမြင့်ချို (သာယာဝတီ)၏ ပိုးကိုက်ရာကင်း ပန်းတစ်ခင်းကဗျာများ၊ ဒုတိယဆုကို လုလင်(မှော်ဝန်းမြေ)၏ ဘဝပုံရိပ်ကဗျာများနှင့် အခြားကဗျာများ၊ တတိယဆုကို မြတ်ဘုန်း (တပ်ကုန်း)၏ နှလုံးလှအမေ ရဲ့ဇာတ်စင်နှင့်အခြားကဗျာများ** စာမူများကလည်းကောင်း၊ **သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင်ပထမဆုကိုယဉ်ယဉ်မွန်(ရွှေဟောင်းသုတေသန)၏ မြို့တည် နန်းတည်ကေတုမတီ (တောင်ငူ)၊ ဒုတိယဆုကို မောင်မောင်ချစ်ဦး(မုံရွာ)၏ မြန်မာ့မြေပေါ်မှ ပြည်ပစစ်သင်္ချိုင်းများ၏ သမိုင်းပုံရိပ်များ၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို မခင်ကြီးမောင်(သတ္တဗေဒ)၏ ငှက်သဘာဝ ထိန်းသိမ်းကြသာစွဌာနေ တို့မြန်ပြည်၊ တတိယဆုကို လှဆန်း(စိုက်ပညာရှင်)၏ စပျစ်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာနှင့် သတင်းအချက်အလက်များ**ကလည်းကောင်း၊ **စာပဒေသာဆုတွင် ပထမဆုကို နေဇင်(ပေါက်ခေါင်း)၏ မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း၊ ဒုတိယဆုကို အောင်ဘ(အုတ်ဖို)၏ လူဆိုးပြေးတော့ လူကောင်းရောက်ပြီ၊ တတိယဆုကို မျိုးမြင့်ကြိုင်(သင်)၏ အမ်းမြို့သို့ရက်ပေါင်း(၁၀၀)နှင့် အမြင်အတွေးများဖြင့် ခရီးသွားခြင်း** စာမူများကလည်းကောင်း၊ **မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ** စာပေဆုတွင် **ပထမဆုကို စောပုလဲမယ်၏ ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ၊ ဒုတိယဆုကို တင့်ထွန်း(ချောက်) ၏ သားကလေ့ယာဉ် ဖခင်လေ့မှူး၊ တတိယဆုကို ကွမ်ဆာသန်းနိုင်(ကတူး)၏ နာမည်မှည့်ခေါ်ပုံစနစ်များ** စာမူများကလည်းကောင်း၊ **ကလေးစာပေဆုတွင် ပထမဆုကို သက်ဦးခင်၏ မြန်မာ့ရတနာကလေးကဗျာများ၊ ဒုတိယဆုကို အင်ကြင်းမေ၏ ပန်းကလေးများ ပွင့်တော့မည်နှင့်ကလေးကဗျာများ၊ တတိယဆုကို ခိုင်ချစ်အောင်၏ ညီနောင်သုံးဖော်နှင့်ကလေးကဗျာများ** စာမူများကလည်းကောင်း၊ **လူငယ်စာပေဆုတွင် ပထမဆုကို ဆောင်းချစ်၏ ချယ်ရီလက်ဆောင် ပန်းလက်ဆောင်၊ ဒုတိယဆုကို နိုက်၏ ပေးချင်တဲ့ အမွေနှင့် အခြားစာစုများ၊ တတိယဆုကို ယဉ်မင်း(ပန်းတောင်း)၏ ရွှေရနံ့နှင့် အခြားလူငယ်ဝတ္ထုတိုများ** စာမူများက လည်းကောင်း၊ **နိုင်ငံရေးစာပေဆုတွင် တတိယဆုကို ခင်ဇ(စက်မှု)၏ သူ့ကျွန်မခံလိုကြသူများ** စာမူက လည်းကောင်း၊ **ပြဇာတ်စာပေဆုတွင် ပထမဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ ခိုင်ရွှေညှာနဲ့ မာလာမှုန်** စာမူကလည်းကောင်း၊ **ဘာသာပြန် စာပေဆုတွင် သုတေသီမောင်ဟန်၏ ရာသီဥတုပြောင်းလဲမှု** စာမူကလည်းကောင်း၊ **အင်္ဂလိပ် စာပေဆုတွင် ပထမဆုကို Khin Maung Myint ၏ Memoirs of an Old Sailor** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၂ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၇၇ စောင်ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅ x ၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၃ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ရွေးချယ်ကြောင်းကြေညာ

ကဗျာ(ဂန္ထဝင်)ဆုတွင် **မောင်စိမ်းနောင် (လယ်ဝေး)** ရေးသားသည့် **ချစ်တေးသီပါ ကျေးတမာ ကဗျာများ**စာအုပ်(ပန်းရဂုံစာပေတိုက်)၊ စာပဒေသာဆုတွင် **ဝေလွှင်မောင်**ရေးသားသည့် **ကိုယ်နှင့်သက်ကိုနှင်းဆက်လို၍** စာအုပ်(မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆုတွင် **အောင်သျှန်ဝိုင်း (ကျိုက်မရော)** ရေးသားသည့် **မြန်မာ့ဂီတသူရဲကောင်း စန္ဒရား ဒေါက်တာဦးရည်နွယ်** စာအုပ် (အရုဏ်ဦးစာပေတိုက်)၊ ကလေးစာပေဆုတွင် **ဝတ်ရည်ခင် (ပဲခူး)** ရေးသားသည့် **မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ**စာအုပ် (စာပေဗိမာန်)၊ ဘာသာပြန် (သုတ)ဆုတွင် **ဒေါက်တာတင်ဘုန်းကျော်** ရေးသားသည့် **စူပါ ပါဝါပြိုင်ပွဲနှင့် AI နည်းပညာ**စာအုပ် (စာပေဗိမာန်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဦးကျော်မြင့် G.A** ရေးသားသည့် **အသုံးချမြေယာနှင့် အုပ်ချုပ်ရေး**စာအုပ် (စိတ်ကူးချိုချိုစာပေတိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် **စုလှိုင်တင့်** ရေးသားသည့် **ဇီဝအန္တရာယ် ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်း** စာအုပ် (ဦးဟန်မျိုးနောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် **သက်နိုင်ဦး (ကျည်ကာ)** ရေးသားသည့် **တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း မြေပုံကျမ်း** စာအုပ် (ရောဝဏ်စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် **Win Thein** ရေးသားသည့် **My Anthology of Nation- Building Endeavours** စာအုပ်(Aung Myo Publishing House)၊ ရသစာတမ်း(အက်ဆေး) စာပေဆုတွင် **မြေလတ်မောင်မြင့်သူ** ရေးသားသည့် **နာမည်လေးမွှေးလို့ ချစ်ချင်သည်** စာအုပ် (လင်းလွန်းခင် စာပေတိုက်)နှင့် ရည်ညွှန်းစာပေဆုတွင် **အရှင်ပညာသာရ (မဟာဓမ္မပါလဆရာတော်)** ရေးသားသည့် **မြန်မာ့ရှေးရိုးပန်းချီ ဗုဒ္ဓဝင်**စာအုပ် (ကြီးပွားရေးစာပေတိုက်)တို့ကို ရွေးချယ်ကြောင်းကြေညာသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်**ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

အမြန်ဆုံးဆက်သွယ်ကြရန်

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အတွင်းရေးမှူး ရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅ x ၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘဏ်လုပ်ငန်းစနစ်အပေါ်တိုက်ခိုက်နေသည့် ကောလာဟလသတင်းများ၊ မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် TNLA နှင့် PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့များက ဖျက်ဆီးခဲ့သောတံတားများအား ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လွိုင်ကော်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်၊ ချောင်းနှစ်ခွတို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ဘဏ်တွေကိစ္စကို ပထမဦးဆုံး ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လတ်တလောဖြစ်နေတဲ့ အခြေအနေအပေါ်မှာ အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပ အဖျက်သမားတွေက နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေကိုပါ မတည်မငြိမ်ဖြစ်အောင် ပြည်ဖျက်မီဒီယာတွေနဲ့ပူးပေါင်းပြီး ကြံစည်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ စီးပွားရေးကဏ္ဍမှာဆိုရင် ပထမဦးဆုံး ဒီလထဲမှာပဲ စက်သုံးဆီကဏ္ဍကို မဟုတ်မမှန်သတင်းတွေဖြန့်ပြီး စတင်ပြီး မတည်ငြိမ်အောင် ဆောင်ရွက်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်မှာ ဆီလက်ကျန်ဘယ်လောက်ရှိတယ်၊ နောက်ထပ်ရောက်ရှိလာမယ့် ဆီသင်္ဘောတွေက ဘယ်လိုရှိတယ်၊ ဆီဖြန့်ဖြူးမှုဘယ်လိုရှိတယ်ဆိုတာကို စာရင်းအတိအကျနဲ့ခိုင်မာစွာ ဖြေရှင်းမှငြိမ်သွားတဲ့သဘောရှိတယ်။ အခုထပ်ပြီး ဘဏ်လုပ်ငန်းစနစ်တွေအပေါ်မှာ မမှန်မကန်သတင်းတွေဖြန့်ဝေပြီး တိုက်ခိုက်လာတာကိုတွေ့ရတယ်။ အဓိက တိုက်ခိုက်တာကတော့ လေးမျိုးဖြစ်ပါတယ်။ နံပါတ်(၁)က ဘဏ်တွေမှာ ငွေထုတ်ယူဖို့ အခက်အခဲဖြစ်ပေါ်နေတယ်ဆိုတဲ့အချက်၊ နံပါတ်(၂)က အကန့်အသတ်ဖြင့်သာ ငွေထုတ်ပေးနေတယ်ဆိုတဲ့အချက်၊ နံပါတ်(၃)ကတော့ ဘဏ်တွေမှာငွေမရှိတော့ဘူးဆိုတဲ့ကောလာဟလ၊ နံပါတ်(၄)က ဘဏ်အပ်ငွေတွေကို ပြည်သူလူထုတွေအများအပြား ထုတ်ယူနေကြတယ်ဆိုတဲ့ ကောလာဟလ ဖြစ်ပါတယ်။ ဒီအချက် (၄)ချက်ကိုထုတ်ပြီး တိုက်ခိုက်ပါတယ်။ ဒီလိုမမှန်သတင်းဖြန့်ဝေပြီး ဘဏ်လုပ်ငန်းစနစ်အပေါ် တိုက်ခိုက်မှုတွေကို ၂၀၂၁ ခုနှစ်မှာလည်း ကျယ်ပြန့်စွာပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရနဲ့ဗဟိုဘဏ်က သက်ဆိုင်ရာဘဏ်အသီးသီး၊ ပြည်သူလူထုနဲ့လက်တွဲပြီး ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတည်ငြိမ်တိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ထပ်ပြီးတိုက်ခိုက်လာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်က အလိုအလျောက် စီမံခန့်ခွဲနိုင်တဲ့ ဗဟိုထိန်းချုပ်တဲ့စနစ် Core Banking System ဖြစ်ပါတယ်။ ဒီစနစ်အကြောင်းကို ရှင်းပြရမယ်ဆိုရင် ပြည်သူလူထုပဲဖြစ်ဖြစ်၊ ပြည်သူလူထုတစ်ဦးချင်းစီပဲဖြစ်ဖြစ်၊ အဖွဲ့လိုက်ပဲဖြစ်ဖြစ် ဘဏ်တစ်ခုမှာအပ်ထားပြီဆိုရင် အဲဒီဘဏ်မှာတင် သူ့ရဲ့စာရင်းကရှိတာမဟုတ်ဘူး။ ဗဟိုဘဏ်မှာရော အဲဒီဘဏ်နဲ့သက်ဆိုင်တဲ့ ဗဟိုဌာနချုပ်မှာရော သူ့ရဲ့စာရင်းက ရှိပြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုအနေနဲ့ ဘာမှဆုံးရှုံးစရာအကြောင်း မရှိပါဘူး။ ပြည်သူလူထုတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားတဲ့ မည်သည့်ဘဏ်မှာမဆို အပ်ငွေအပ်နှံထားရင် နံပါတ်(၁) ပိုင်ဆိုင်မှု၊ နံပါတ်(၂) လွှဲပြောင်းမှု၊ နံပါတ်(၃) ပြန်လည်ထုတ်ယူမှုတွေကို ခိုင်မာတဲ့အာမခံချက်ရှိပြီးဖြစ်တယ်လို့ အသိပေးချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်

ရေးကောင်စီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရကာကွယ်ပေးရမည်လို့ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒါကြောင့် ပြည်သူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းအသီးသီးတို့ရဲ့ ဘဏ်အပ်ငွေတွေ၊ ပိုင်ဆိုင်မှုတွေကို နိုင်ငံတော်အစိုးရက ခိုင်မာစွာအာမခံတယ်လို့ အာမခံပြောကြားလိုပါတယ်။ ပြည်သူလူထုကလည်း အစောပိုင်းကပြောတဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့တာဝန်အခန်းမှာပါတဲ့ ပုဒ်မ ၃၈၈ မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝတည်ငြိမ်မှုပျက်ယွင်းစေဖို့အတွက် ဘဏ်လုပ်ငန်းစနစ်အပေါ်မှာ မမှန်သတင်းထုတ်လွှင့်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ဘာတွေရှိလဲလို့ ပြောရမယ်ဆိုရင် ဘဏ်လုပ်ငန်းတွေအပေါ်မှာ ယုံကြည်မှုတွေလျော့လာပြီး မလိုအပ်ဘဲ ငွေတွေထုတ်ယူကြမယ်ဆိုရင် အဲဒီငွေတွေကြောင့် ငွေကြေးဖောင်းပွမှုတွေ ဖြစ်ပေါ်လာမယ်။ ငွေကြေးဖောင်းပွမှုတွေဖြစ်ပေါ်လာရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီး တိုက်ခိုက်တာဖြစ်တယ်။ ဒါကြောင့် ဘဏ်တွေနဲ့ပတ်သက်တဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေနဲ့ ပြည်ဖျက်မီဒီယာတွေက မမှန်သတင်းထုတ်လွှင့်မှုကို ပြည်သူလူထုအနေနဲ့ မယုံကြည်ကြဖို့ ပြောလိုပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝတည်ငြိမ်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံ အသိပေးလိုပါတယ်။

ဒုတိယအချက်အနေနဲ့ မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ဒီနေ့မှာ ကျွန်တော်တို့အနေနဲ့ TNLA နဲ့ PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့တွေအနေနဲ့ နောင်ချိုမြို့ မရောက်ခင်မှာ(၃)နေရာ လမ်းမကြီးပေါ်မှာ တံတားငယ်တွေကို ဖျက်ဆီးသွားတာ၊ မြေဖျက်ကျင်းတွေတူးပြီး လမ်းကို ဖျက်ဆီးသွားတာရှိတယ်။ နောင်ချိုနဲ့ ကျောက်မဲကြားမှာ (၉) နေရာ အဲဒီလိုပဲ တံတားငယ်တွေကို ချိုးသွားတာ၊ မြေဖျက်ကျင်းတွေတူးပြီး လမ်းကိုဖျက်ဆီးသွားတာရှိတယ်။ အဲဒီ (၁၂)နေရာစလုံးကို ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာ အားလုံးပြင်ဆင်ပြီးဖြစ်ပါတယ်။ နောက်ထပ်တိုးချဲ့ပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒီလမ်းမကြီးနဲ့ ပတ်သက်ရင် ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့ လမ်းမကြီးဖြစ်တဲ့အတွက်၊ ပြည်သူလူထုရဲ့ အဓိကကုန်စည်ကူးသန်းရောင်းဝယ်တဲ့ လမ်းမကြီးဖြစ်တဲ့အတွက် အမြန်ဆုံး လုံခြုံမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ကတော့ ဒီနေ့မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်တဲ့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)ဒေသ၊ နမ့်ခမ်းမှာ စခန်းငယ်တစ်ခုကို တိုက်ခိုက်ခံရတာရှိတယ်။ နောက်ပြီး အဲဒီစခန်းငယ်ကို ကျွန်တော်တို့ ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာရှိတယ်။ နောက်တစ်ခုကတော့ နမ့်ဖက်ကာမှာ MNDAA၊ TNLA အကြမ်းဖက်အဖွဲ့အနေနဲ့ ရပ်ကွက်ထဲကိုစိန်ပြောင်းဗုံးသီးနဲ့ ပစ်ခတ်ခဲ့တာရှိတယ်။ ပြည်သူလူထု ထိခိုက်ဒဏ်ရာရမှုအချို့ရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ လွိုင်ကော်မှာတော့ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ နေရာတိုင်းမှာ အကျအဆုံးများစွာရှိတယ်လို့ သိရပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ထရွန်အိုင်ဘက်မှာတော့ စခန်းကိုလာရောက်ပစ်ခတ်တာ ရှိပါတယ်။ ကထိလဘက်မှာလည်း ရဲကင်းစခန်းကို လာရောက်ပစ်ခတ်တဲ့ ထိတွေ့မှု ရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ချောင်းနှစ်ခွမှာ ရဲကင်းစခန်းပေါ့။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်နေတဲ့နေရာကို တိုက်ခိုက်နေတာ သုံးရက်နီးပါးရှိပြီဖြစ်ပါတယ်။ ဒီနေ့အထိ တိုက်ခိုက်လာတဲ့ ရန်သူတွေကို ကောင်းမွန်စွာခုခံလျက်ရှိပါတယ်။ ဒီအတွက် ချောင်းနှစ်ခွလုံခြုံရေးစခန်းမှာရှိတဲ့ စစ်သည်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးရဲ့ ကြံ့ကြံ့ခံပြီး ရန်သူကိုခုခံနိုင်မှုအပေါ် အသိအမှတ်ပြုကြောင်းလည်း ပြောကြားလိုပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ကတော့ ဒီနေ့ဖြစ်ခဲ့တဲ့ ထိတွေ့တိုက်ပွဲတိုင်းမှာ တပ်မတော်အနေနဲ့ရန်သူကို ကောင်းမွန်စွာပြန်လည်ချေမှုန်းနိုင်ခဲ့ကြောင်း အသိပေးပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

ကျောင်းသား၊ ကျောင်းသူများ၏ အချက်အလက်ပေးပို့ရမည်ဟူသောထုတ်ပြန်ချက်မှာ အတုဟု သိရ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ စစ်သင်တန်း တက်ရောက်ဖူးသည့် ကျောင်းသား၊ ကျောင်းသူများ၏ အချက်အလက်များပေးပို့ရန် အကြောင်းကြားသည်ဆိုသော ထုတ်ပြန်ချက်မှာ အတုသာဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက သိရသည်။

လူမှုကွန်ရက်တွင် နိုဝင်ဘာလ ၁၇ ရက် ရက်စွဲဖြင့် အဆိုပါ ထုတ်ပြန်ချက်တစ်စောင် ထွက်ပေါ်ခဲ့သည့်အပေါ် ပညာရေးဝန်ကြီးဌာနက အတုဖြစ်ကြောင်း ပြန်လည်ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံတော်လုံခြုံရေးအခြေအနေအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)များတွင် စစ်သင်တန်းတက်ရောက်ဖူးသည့် ကျောင်းသား၊ ကျောင်းသူများ၏ အချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးသို့ ဒီဇင်ဘာလ (၁၇) ရက် နောက်ဆုံးထားပေးပို့ရန် အကြောင်းကြားထားကြောင်း ဖော်ပြထားသည်။

“သတင်းအတုကို အတုမှန်းသိတာတောင် အကွက်ချပြီး သိက္ခာမရှိတဲ့ အကြမ်းဖက်အားပေးမီဒီယာတွေက ရေးနေကြတယ်၊ ထုတ်လွှင့်နေကြတယ်။ အဲဒီလို အကြောင်းအရာကို ယုံတဲ့သူတွေက ရှိတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက သတင်းအတုကို ဖန်တီးပြီး ထုတ်လွှင့်နေတာတွေကို တန်ပြန်လုပ်ဖို့ သင့်ပါတယ်။ အခုဆိုရင် ဒီသတင်းက အားလုံးသိပြီးပြီ။ အဲဒါပြီးမှ ဝန်ကြီးဌာနက မဟုတ်ဘူး၊ အဲဒါက အတုဆိုပြီး ထုတ်တာမျိုး လုပ်တာနောက်ကျနေတယ်။ သတင်းတုတွေကို ပြန်ပြီးတုံ့ပြန်ဖို့ စီစဉ်သင့်ပါတယ်” ဟု လူမှုကွန်ရက်အသုံးပြုသူတစ်ဦးက ပြောသည်။

Myo Khine

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) နှင့် (၇) အခြေခံပညာအထက်တန်းကျောင်း၌ နေပြည်တော်အဆင့် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် အားကစားနည်းများအလိုက် ယှဉ်ပြိုင်နေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အတွင်း၊ အပြင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ သစ်ပင်များ အလင်းဖွင့်ခြင်း၊ ချုံနွယ်များ၊ ပေါင်းမြက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပနေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ နေပြည်တော်အဆင့် အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် ကျောင်းသား ကျောင်းသူများက ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

သတင်းစဉ်

ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် စက်သုံးဆီများ နေ့စဉ်ပို့ဆောင်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ ဆီသယ်ယာဉ် (Bowser) များ ဆီဖြည့်တင်းနေစဉ်။

သီလဝါဆိပ်ကမ်း ဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal | Brighter Energy Terminal | PSW Terminal | Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ စက်သုံးဆီများအား ဆီသယ်ယာဉ် (Bowser) များဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၂၆၁ ဆိုင်သို့ ဆီသယ်ယာဉ် (Bowser) ၁၆၀၂ စီးဖြင့် 92 Ron ဂါလန် (၁ သန်း ၄ သိန်းကျော်)၊ 95 Ron ဂါလန် (၃ သိန်း ၆ သောင်းကျော်)၊ ဒီဇယ်ဆီ ဂါလန် (၁ သန်း ၁ သိန်း ၅ သောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ (၁ သန်း ၅ သိန်း ၄ သောင်းကျော်) အား ပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီ လာရောက်ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး ပြည်သူများက စက်သုံးဆီများကို အမျိုးအစားအလိုက် လုံလောက်စွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သီလဝါ Terminal များမှ ရန်ကုန်တိုင်းဒေသကြီးသို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။

သီလဝါ Terminal များမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။

သီလဝါ Terminal များမှ ပဲခူးတိုင်းဒေသကြီးသို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။

သီလဝါ Terminal များမှ မွန်ပြည်နယ်သို့ စက်သုံးဆီ သယ်ယူပို့ဆောင်မှု။

မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မကွေး နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးတို့အတွက် အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းတိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ အမျိုးသမီးရေးရာ/ မိခင်နှင့် ကလေးအသင်းအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဆင့်မြင့်နှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မြက်၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စုစုပေါင်းအင်အား ၃၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံးအဆောက်အဦများ၊ မြို့၊ ရွာ၊ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို အပတ်စဉ်(စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လပွတ္တာခရိုင်အတွင်း စိုက်ပျိုးရန် နေကြာနှင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်

ပုသိမ် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် နေကြာမျိုးစေ့နှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များပေးအပ်ပွဲကို လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနဒီခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ မိုးစပါးစိုက်ပျိုးရာသီတွင် ရေတော်မိုးတော်စိုက်ဧက တစ်သိန်း၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ) များ ထည့်သွင်းစိုက်ပျိုးခဲ့ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ် မိုးစပါး စိုက်ရာသီတွင်လည်း ရေတော်မိုးတော်စိုက်ဧက ၂၇ သိန်း၌ ပိုက်ဆံလျှော်များ အပြည့်အဝ ထည့်သွင်းစိုက်ပျိုးမည်ဖြစ်၍ ပိုက်ဆံလျှော် မျိုးစေ့ ထုတ်လုပ်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား မျိုးစေ့များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ လယ်ဧကများ၌ ဓာတ်မြေသြဇာ လိုအပ်ချက်နှင့် မြေဆီလွှာပျက်စီးမှုများကို ပြန်လည်ကောင်းမွန်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ရေတော်မိုးတော်စိုက်ဧကများတွင် ပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးမှု၊ မျိုးစေ့ထုတ်လုပ်ရန်ဆောင်ရွက်ထားရှိမှုနှင့် နေကြာစိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများ၊ ရေငန်တားတာ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာနမှူးတို့က သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ် **(အပေါ်ပုံ)**၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးတို့က တောင်သူများထံသို့ နေကြာမျိုးစေ့ များ နှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လပွတ္တာမြို့ အမှတ်(၈)ရပ်ကွက်ရှိ တိုင်းဝင်းဆန်စက်သို့ သွားရောက်၍ ဆိုလာစနစ်(၄၀ ကီလိုဝပ်)ဖြင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုများနှင့် ၂၀၀ ကီလိုဝပ် ထွက်ရှိမည့် ဆိုလာစနစ် တပ်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်ကြီးမြို့၌ ဓာတ်ပုံရိုက်ကူးနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

တောင်ကြီး နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ဒေသအကျိုးပြု ဓာတ်ပုံဆရာများ ပေါ်ထွန်းလာစေရန်နှင့် ဓာတ်ပုံဝါသနာရှင်များ ဓာတ်ပုံပညာကို စနစ်တကျလေ့လာသင်ကြားနိုင်ရန် ရည်ရွယ်၍ ဓာတ်ပုံရိုက်ကူးနည်း သင်တန်း (အခမဲ့) ကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန တောင်ကြီး ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအားဖျော့ က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဗီဒီယိုနှင့် ဓာတ်ပုံပညာရှင် Swait-awyeik Production မှ ဦးကျော်ကျော်ဝင်းက ဓာတ်ပုံရိုက်ကူးနည်းပညာသင်ကြားပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် Basic Photography, Basic Photography Techniques, Documentary Photography, How To Make A Pictorial Book, How To Make A Photo Exhibition စသည့် ဓာတ်ပုံပညာရပ်များကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်ပုံပညာလေ့လာလိုသူသင်တန်းသား ၈၀ တို့က တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဇော်နိုင်လင်း(တောင်ကြီး)

ကံပိုင်-လွှာဝဆက်သွယ်ရေးလမ်း ဖို့မြေ၊ ဖြတ်မြေ လုပ်ငန်းနှင့်မြေနီခင်းခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီး

မင်းတုန်း နိုဝင်ဘာ ၁၈

ကံပိုင် - လွှာဝ ဆက်သွယ်ရေးလမ်း လမ်းအရှည် (1.000 km)အား ဖို့မြေ၊ ဖြတ်မြေလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် (5.49m)အကျယ်၊ (200mm) ထုမြေနီခင်းခြင်း(၀/၅) မိုင် လုပ်ငန်းသည် ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၂၅ သန်းဖြင့် မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းပြီးစီးသွားပါက ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူ ၇၅၆ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိစ္စရပ်များအတွက် အမြန်ဆုံး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နှင့်မြို့ပြကွာဟမှု လျှော့ချနိုင်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းမင်းအောင်

ကရသူရိမြို့၌ ရော်ဘာအဖွင့်ဈေးကောင်းရ

ကရသူရိ နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့၌ ယခုနှစ် ရော်ဘာအဖွင့်ဈေးကောင်းရ၍ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ခြံပိုင်ရှင်များအနေဖြင့် ဝင်ငွေကောင်းလျက်ရှိသည်။

နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် ရော်ဘာသည် အရင်းအနှီးများပြီး စနစ်တကျလုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ရော်ဘာအရိုင်းနှင့်အချောဟူ၍ မျိုးနှစ်ခုရှိပြီး ဒေသခံအများစုက အချောမျိုးကို အဓိက ရွေးချယ်စိုက်ပျိုးလျက်ရှိရာ အစေးထွက်အားလည်း ကောင်းကြောင်း၊ ရော်ဘာအချောမျိုး ပျိုးပင်တစ်ပင်လျှင် ကျပ် ၁၃၀၀ နှင့် ဝယ်ယူစိုက်ပျိုးရပြီး သက်တမ်းခုနစ်နှစ်ကြာလျှင် စတင်အစေးခြစ်ယူနိုင်ကြောင်း၊ ယခုလက်ရှိ ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၂၅၀ ရရှိကာ အဝယ်ဒိုင်များက ကော့သောင်းမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ခြံပိုင်ရှင်တစ်ဦးထံမှ သိရသည်။ နှစ်ရှည်သီးနှံများဖြစ်သည့် ကွမ်းသီး/ ရော်ဘာ/ ဆီအုန်းတို့အနက် ယခုနှစ်တွင် ရော်ဘာနှင့် ဆီအုန်းဈေးနှုန်းများ ကောင်းမွန်လျက်ရှိပြီးကွမ်းသီးဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် နေ့လယ်ပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ ရွှေစာပုသိမ်ထီးလုပ်ငန်းအား သွားရောက်ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ချောင်းသာ အပန်းဖြေဧည့်ရိပ်သာ၌ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၏ လက်ဝယ်အရောက် လိုက်လံ ပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့်ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





◆ *ရွှေဖုံးမှ*

ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာရှိ ဆိပ်သာတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ကြံခင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၁၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၁၁၆ ဦးနှင့် သွားရောဂါ ၁၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀ ဦး စုစုပေါင်း ၅၅၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကာ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်တွင် ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များအား စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လာရောက်ဆေးကုသမှုခံယူကြသော ပြည်သူများအား နေ့လယ်စာ ထမင်းဘူးများကိုလည်းကောင်း အသီးသီး ပေးအပ်သည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိရသည်-

ဦးမြင့်စိုး

မဲကုန်းကျေးရွာ၊ ကြံခင်းမြို့နယ်

ကျွန်တော်ကတော့ နှလုံးရောဂါသည်ဆိုတော့ မောပြီးကျပ်တာပေ့ါ။ အလုပ်ကလေးနည်းနည်းလုပ်ရင်ကျပ်တယ်။ အဲဒါကြောင့် လာပြတာပါ။ ရွာမှာဆိုရင် ကြံခင်းမြို့ပေါ် သွားပြရတာပါ။ မဲကုန်းနဲ့ဆိတ်သာဆိုတော့ လေးမိုင်လောက်ပဲ ကွာတာဆိုတော့ နောက်ပြီး ဒီမှာက အခမဲ့ပြသရတာဆိုတော့ ပိုပြီး အဆင်ပြေတာပေ့ါ။ ကျေနပ်တာပေ့ါ။ ကျွန်တော်တို့က တောင်သူတွေဆိုတော့ ပေါက်တူးပေါက်၊ တူးရွင်းထိုးပေ့ါ။ အဲဒီလိုလုပ်တာဆိုတော့ ငယ်ငယ်တုန်းက မသိသာပေမယ့် အခုလို အသက်အရွယ်ရလာတော့ နာရီဝက်လောက်လုပ်လိုက်ရင် မောတယ်။ မောပြီး အသက်ရှူတွေ ကျပ်လာတာပေ့ါ။ အဲလိုဖြစ်လာရင် အလုပ်နားရတယ်။ ဆိုးဆိုးရွားရွားဖြစ်လာရင်ရွာက ဆေးခန်းသွားရတာပေ့ါ။ အဲလိုပဲ နေရတာပေ့ါ။ အခုဒီမှာ ရွှေပုဇွန် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့နဲ့တွေ့တော့ ပိုပြီး ဝမ်းသာတာပေ့ါကွယ်။ ဒီမှာတော့ လွတ်လွတ်လပ်လပ်နဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေနဲ့ ပြရတာဆိုတော့ ပိုပြီး အဆင်ပြေတာပေ့ါ။ ရွာမှာဆိုတော့ ဆေးမှူးလောက်၊ ဆရာဝန်လောက်နဲ့ ပြရတာဆိုတော့ ကွာခြားမှုတော့ရှိတာပေ့ါ။ အလွန်ကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အထူးဆေးကုအဖွဲ့မှာပါတဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူတွေ၊ ဆရာတွေ၊ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

ဒေါ်ကြင်ထွေး

ဒေါ်ကြင်ထွေး

မဲကုန်းကျေးရွာ၊ ကြံခင်းမြို့နယ်

ခြေထောက်တွေကိုက်၊ ဒူးတွေကိုက်၊ လက်မောင်းတွေကိုက်လို့ မနေနိုင်ဘူး ဖြစ်နေတယ်။ မျက်စိကလည်း မှုန်နေလို့ ဒီမှာနယ်လှည့်အထူးဆေးကုသရေး အဖွဲ့တွေ ဆေးခန်းဖွင့်တယ်ဆိုလို့ လာပြတာပါ။ ရွာလူကြီးတွေက ပြမယ့်သူတွေ စာရင်းယူတယ်လေ။ စာရင်းပေးပြီး လိုက်လာတာပါ။ နေကောင်းတယ် တော့ သိပ်မရှိပါဘူး။ မနည်းကုန်းရုန်းထလာရတာ။ အခုပြလိုက်တော့ ဆေးထိုးပေးတယ်။ သက်သာပါတယ်။ ဆေးခန်းတွေတော့ပြနေရတာပဲ။ ရွာမှာတော့ ဆေးမှူးရှိပါတယ်။ မနေနိုင်တဲ့အခါ ရွာက ဆေးမှူးဆီ သွားပြလိုက် ဆေးထိုးလိုက် သက်သာရင် အလုပ်လုပ်လိုက်ပေ့ါ။ ပြန်ဖြစ်ရင် သွားပြလိုက်ပေ့ါ။ အခုလိုကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ကြပါဦးလို့ ပြောချင်ပါတယ်။

ဦးမြင့်စိုး

သတင်းစဉ်

အလှူဒါန ပြုကြသူ၄ာ

ခင်သန်းမြင့်

ပြီးခဲ့တဲ့ရက်ပိုင်းက ရပ်ကွက်ဓမ္မာရုံက ဆွမ်းအောင်ပွဲ အဖြစ် လှူဒါန်းကျွေးမွေးတဲ့ စတုဒိသာအလှူပွဲလေး တစ်ခုကို ကျွန်မ တကူးတက သွားစားဖြစ်တယ်။ တကူးတကဆိုတာက ဓမ္မာရုံက ရင်းနှီးတဲ့ဓမ္မမိတ်ဆွေ တွေက ဆက်ဆက်ကြွလှမ်းခဲ့ဖို့မှာလို့ပါ။ ညနေပိုင်း ကျွန်မရောက်တဲ့အချိန်မှာ အကျွေးအမွေးက စနေပြီ။ စတုဒိသာဆိုတဲ့အတိုင်း အရပ်လေးမျက်နှာက လူကြီး၊ လူငယ်၊ ကလေးတွေကအစ လက်လုပ် လက်စား၊ ဆိုက်ကားဆရာတွေအဆုံး လူတန်းစား မရွေး အားရပါးရ စားသောက်နေကြတာတွေ့ရ တယ်။

ဟင်းက ဘဲဥ၊ ပဲဟင်း၊ ငံပြာရည်ချက်ဆိုတော့ ကာ အစပ်အဟပ်တည့်တော့ အများစုက ထမင်း တစ်ပန်းကန်နဲ့ မတင်းတိမ်နိုင်ကြဘူး။ အနည်းဆုံး နှစ်ပန်းကန်၊ သုံးပန်းကန်အထိ စားနိုင်ကြတယ်။ ပဲဟင်းလိုက်ပွဲ လိုက်ထည့်ပေးတဲ့သူတွေလည်း လက်မလည်ရှာဘူး။ ကုန်ကျစရိတ်က ငွေကျပ် ငါးသိန်းကျော် ခြောက်သိန်းနီးပါးရှိတယ်လို့ သိရ တယ်။ ကျွန်မဖြင့် ဟိတ်ဟန်မရှိ အားရပါးရသုံးဆောင် နေကြတဲ့လူတွေကိုကြည့်ပြီး အလှူရှင်တွေကိုယ်စား ဝမ်းမြောက်ပီတိဖြစ်ရတယ်။

ကျေးလက်တောရွာအလှူပွဲ

ကျေးလက်တောရွာဘက်က အလှူပွဲတွေဆိုရင် ပိုပြီးပျော်ရွှင်ကြည်နူးစရာကောင်းတယ်။ ဆိုင်းတို့၊ အငြိမ့်တို့ ပွဲလမ်းသဘင်တွေ၊ ပွဲဈေးတန်းတွေနဲ့ စည်ကားလိုက်တာလွန်ရော။ မှတ်မိသေးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါး ၁၉၉၄ ခုနှစ်က ကွမ်းခြံကုန်းနဲ့ ဒေးဒရဲအစပ်က ကျေးရွာတစ်ရွာက ရှင်ပြုအလှူတစ်ခုကို ကျွန်မရောက်ဖြစ်တယ်။ အလှူရှင်မိတ်ဆွေမိသားစုက အလှူပွဲရက်မတိုင်မီ ညမှာ ဆိုင်းပါထည့်ပြီး ဧည့်ခံတော့ ရွာနီးချုပ်စပ်က လာတဲ့လူတွေ၊ ပွဲဈေးတန်းတွေနဲ့ တိုးမပေါက် အောင် စည်ကားလိုက်တဲ့ဖြစ်ခြင်း။ ညသန်းခေါင် ကျော်တဲ့ အထိပါပဲ။

မနက်ကျတော့လည်း ထမင်းကျွေးတဲ့ အလှူ မဏ္ဍပ်ရုံကြီးမှာ လူတော်တော်နဲ့မစဲဘူး။ တစ်သုတ်ပြီး တစ်သုတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်စားသုံး ကြတာ တကယ့်ကို အားရစရာကြီး။ ဟင်းက ငါးခြောက်ထောင်းကြော်နဲ့ ပဲဟင်း။ တောရွာဓလေ့ ထုံးစံအတိုင်း စားလိုက်ကြတာမှ ဝက်ဝက်ကွဲပဲ။ ငါးခြောက်ထောင်းကျော်တွေကို အလှူနေ့မတိုင်မီ ကတည်းကကြော်ပြီး ရာဝင်အိုးတွေနဲ့ ထည့်လှောင် ထားတာ။

ပြောရမယ်ဆိုရင် ဒီလိုအလှူမျိုးဟာ အလှူ ရေစက်လက်နဲ့မကွာ လှူဒါန်းလေ့ရှိကြတဲ့ ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာ အဆန်းတကြယ်မဟုတ် ပေမယ့် ရေခြားမြေခြား နိုင်ငံရပ်ခြားမှာတော့ ဒီလို မီးခိုးတိတ် ရွာလုံးကျွတ်လှူဒါန်းဖို့ အင်မတန်ခက်ခဲ မှာပေါ့။ လှူဒါန်းသည့်တိုင် ဒါနကုသိုလ်နဲ့ပတ်သက် ပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ လှူဒါန်းဖို့၊ ဘယ်လို စိတ်ထားမျိုး မွေးမြူလှူဒါန်းဖို့ သိဖို့ခက်တာပေါ့။

ဘယ်လိုစိတ်ထားနဲ့ လှူရမယ်

ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေကတော့ သံဃာတော်အရှင်သူမြတ်တို့ရဲ့ ဟောဖော်ညွှန်ပြ ဆိုဆုံးမမှုကြောင့် ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လို စိတ်ထားနဲ့ လှူရမယ်ဆိုတာ သိကြတယ်။ ပါမောက္ခ ချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသက "မဟာဒါန" ဆိုတဲ့တရားတော်မှာ "လှူကတည်းက အများအတွက်လှူရမယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုး ကို ဦးတည်ရမယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကို ကြည့်ပြီးတော့ လှူတာဟာ အင်မတန်မွန်မြတ်တယ် လို့ပြောရမယ်။ အလှူခံပုဂ္ဂိုလ်အပေါ် မေတ္တာထား မယ်။ စေတနာ၊ ကရုဏာထားမယ်။ မျှော်တွေးရင်

"မြန်မာလူမျိုးတွေအဖို့ကတော့ များသောအားဖြင့် အလှူအတန်းမှာ လက်မနှေးတဲ့ စိတ်စေတနာကောင်းတွေက ကိုယ်စီရှိနှင့်ပြီးသားပါ။ လှူစရာ ပစ္စည်းပေါပေါများများရှိဖို့ပါပဲ။ လက်ရှိမှာ အထက်အညာဒေသအချို့မှာ မငြိမ်းချမ်းတော့ အရင်က ပြောသံ၊ စည်သံတညံညံနဲ့ အလှူရေစက် လက်နဲ့ မကွာ နေထိုင်လာကြတဲ့ ဒေသခံပြည်သူအချို့ဟာ လှူဖို့တန်းဖို့ နေနေသာသာ အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်းရှောင်နေကြရတယ်။ အင်မတန်ဝမ်းနည်း ကြေကွဲစရာပါ။ တကယ်တော့ မြန်မာကျေးလက်ဒေသတောရွာတို့ရဲ့ သက်ဝင် ခမ်းနားမှုနဲ့ ရွာရဲ့ကျက်သရေမင်္ဂလာဟာ ပြောသံစည်သံတညံညံနဲ့ ရှင်ပြုနားသ အလှူမင်္ဂလာပွဲတွေ၊ ၁၂ လရာသီ ဘုရားပွဲတော်တွေပဲ ဖြစ်ပါတယ်"

အရောင်းအဝယ်ဖြစ်သွားမယ်။ ဆုမတောင်းရဘူး လို့ ပြောတာတော့မဟုတ်ဘူး။ အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကိုကြည့်ပြီးတော့ လှူလိုက်တယ်။ လှူပြီးတဲ့ အခါကျတော့မှ ကိုယ့်ဆန္ဒထုတ်ဖော်တာ။ ဒီလို လှူရတဲ့ကုသိုလ်ဟာ သူ့ဟာသူအကျိုးပေးမှာပဲ။ တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ ကိုယ်က ဘာကိုရချင်သလဲ၊ ဒီကုသိုလ်ကောင်းမှုဟာ ဘာကိုဦးတည် အကျိုးပေးစေချင်သလဲဆိုတာ ကိုယ်လိုချင်တဲ့ဆန္ဒကိုထုတ်ဖော်တာ။ ဒါဆုတောင်း တယ် ခေါ်တာနော်။

လှူတယ်ဆိုတာ အပြန်အလှန်မျိုးမဖြစ်စေရ ဘူး။ ပူဇော်တယ်၊ ချီးမြှောက်တယ်လို့ နှစ်မျိုးရှိတယ်။ ကိုယ့်ထက်မြင့်တဲ့ပုဂ္ဂိုလ်၊ သီလသမာဓိရှိတဲ့ပုဂ္ဂိုလ် တွေကို ကျောင်းဆောက်ပြီးတော့ ပူဇော်တယ် သို့မဟုတ် သင်္ကန်းနဲ့ပူဇော်တယ်။ သူ့ရဲ့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကို ပူဇော်တယ်။ ဒါ ပူဇော်တာ။ အေး၊ လိုအပ်နေတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ချီးမြှောက်တယ်။ ဘာနဲ့ချီးမြှောက်လဲ။ အေး၊ သူ စားစရာမရှိဘူး၊ စားစရာပေးလိုက်တယ်။ နေစရာ မရှိဘူး၊ နေစရာပေးလိုက်တယ်။ ဝတ်စရာမရှိဘူး၊ ဝတ်စရာပေးလိုက်တယ်။ ဒါချီးမြှောက်တာ။ အဲဒီ ချီးမြှောက်မှုတွေဟာ လှူသူအတွက် မဖြစ်စေရဘူး။ ယူသူအတွက် ဖြစ်စေရမယ်။ အလှူခံပုဂ္ဂိုလ်မှာ ရရှိတဲ့အတိုင်းအတာကိုကြည့်ပြီး အလှူဒါနရဲ့ ကောင်းမြတ်မှုကို ဆုံးဖြတ်ရမယ်"တဲ့။ ဗုဒ္ဓဘာသာ ဝင် မြန်မာလူမျိုးတွေအဖို့ အင်မတန်မှတ်သားနာယူ စရာပါ။

"ရေခြားမြေခြား နိုင်ငံရပ်ခြားမှာတော့ ဒီလိုမီးခိုးတိတ် ရွာလုံးကျွတ် လှူဒါန်းဖို့ အင်မတန်ခက်ခဲမှာပေါ့။ လှူဒါန်းသည့်တိုင် ဒါနကုသိုလ်နဲ့ ပတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက်နဲ့ လှူဒါန်းဖို့၊ ဘယ်လိုစိတ်ထားမျိုး မွေးမြူလှူဒါန်းဖို့ သိဖို့ခက်တာပေါ့။ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး တွေကတော့ သံဃာတော်အရှင်သူမြတ်တို့ရဲ့ ဟောဖော်ညွှန်ပြဆိုဆုံးမမှု ကြောင့် ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လိုစိတ်ထားနဲ့ လှူရမယ်ဆိုတာ သိကြတယ်"

ဆရာမကြီး လူထုဒေါ်အမာရေးတဲ့ အညာဒေသမှ အလှူပွဲ

ကျွန်မကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မမြင်တွေ့ရပါဘဲနဲ့ ဆောင်းပါးစာပေထဲကတစ်ဆင့် ယခုတိုင် မှတ်မှတ်ရရကြည်နူးပီတိဖြစ်ခဲ့တဲ့ အထက် အညာဒေသက ရှင်ပြုအလှူပွဲလေးတစ်ပွဲလည်း ရှိပါသေးတယ်။

ဒီအလှူပွဲကတော့ မုံရွာတစ်ဖက်ကမ်း ဆားလင်း ကြီးမြို့နယ် တောင်ပလူရွာနားက ကန်ကြီးအောင် ရိပ်သာမှာပြုလုပ်ခဲ့တဲ့ အလှူပွဲလေးကို မန္တလေးက ဆရာမကြီး လူထုဒေါ်အမာက တက်ရောက်ရင်း ရေးဖွဲ့ခဲ့တာပါ။ အလှူဒကာက အလှူနေ့မှာ သူ့ အလှူလာသူတွေကို "ဝက်သားပြောင်"ကျွေးတာတဲ့။ ဝက်သား "ပြောင်ကျွေး" ဆိုတာ ဝက်သားနီဟင်း အိုးကြီးချက်ကို ဘာနဲ့မှမရောဘဲ အရောအနှောမရှိ ကျွေးတာကို "ပြောင်ကျွေး"လို့ဒေသက သုံးကြတယ်။ ဝက်သားနီချက်အပြင် ကုလားပဲဟင်းချို၊ ပုစွန် ခြောက်နဲ့ ငရုတ်သီးကြော်၊ ပဲတီချဉ်နဲ့ပါ တွဲဖက် ပြင်ဆင်ထားတော့ တောင်ပလူရွာနဲ့ သာယာကုန်း နှစ်ရွာက ရွာရှိလူကုန် အိမ်လုံးကျွတ် လူ ၁၂၀၀ အပြင် ရွာနီးချုပ်စပ်ကျေးရွာတွေကလည်း သတင်း ကြားလို့လာစားကြတာနဲ့ အားလုံး လူ ၁၈၀၀ လောက် ကျွေးမွေးလှူဒါန်းရတယ်လို့ ဆိုပါတယ်။

ဆန်က အလှူနေ့ကချည်း ၁၈ တင်း၊ ဝက်သား က ၁၈၃ ပိဿာ ကုန်တယ်လို့ဆိုတယ်။ အလှူမတိုင် ခင် တစ်ရက်၊ နှစ်ရက် အကြိုကျွေးတာတင် ဝက် ၂၅ ပိဿာလောက် ကုန်သတဲ့။ အကျွေးအမွေးချည်း နှစ်သိန်းကုန်သတဲ့။ အလှူရှင်က မန္တလေးက၊ ရတနာပုံထီဆိုင်က ထီပေါက်လို့တဲ့။ ဆရာမကြီး လူထုဒေါ်အမာက ဒီဆောင်းပါးစာစုလေးကို ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလထုတ် မိုးဂျာနယ်မှာ ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ ဆောင်းပါးစာစုကလေးက ဘယ်အချိန် ပြန်ဖတ်ဖတ် မရိုးနိုင်သလို ကြည်နူးစရာကောင်းနေ ဆဲပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ငွေကျပ်နှစ်သိန်းနဲ့ လူပေါင်းထောင်ချီ ကျွေးမွေးလှူဒါန်းခဲ့တာကို ဖတ်ရတော့ ယခုခေတ် ကုန်ဈေးနှုန်းနဲ့ နှိုင်းယှဉ် ကြည့်ပြီး တကယ့်အံ့သြဘနန်းလည်းဖြစ်ရတယ်။

ဒါပေမယ့် ခေတ်တွေ ဘယ်လိုပဲပြောင်းပြောင်း၊ မြန်မာလူမျိုးတွေကတော့ အလှူရေစက် လက်နဲ့ မကွာ တတ်စွမ်းသမျှ လှူကြတန်းကြဆဲပါပဲ။ လက်ရှိ ကထိန်ရာသီကာလမှာလည်း လမ်းထောင့်က ဆိုက်ကားဂိတ်ကအစ ကထိန်ခင်းဖို့ ပဒေသာပင် တွေ သီးနေကြပါပြီ။ အလှူဒါနဆိုတာကလည်း လှူစရာပစ္စည်းဝတ္ထုရယ်၊ လှူချင်တဲ့၊ လှူတတ်တဲ့ စေတနာရယ် ဒီနှစ်ခုပေါင်းစပ်လိုက်တဲ့အခါမှ အလှူ အထမြောက်ခြင်းဆိုတာ ဖြစ်လာတာပါ။ စေတနာ က အကျိုးပေးတယ်ဆိုပေမယ့် စေတနာချည်း သက်သက် ပစ္စည်းမပါဘဲနဲ့တော့ အလှူ အထ မမြောက်နိုင်သလို ဝတ္ထုပစ္စည်းရှိပေမယ့်လည်း လှူချင်တဲ့စေတနာမပါပြန်ရင်လည်း အထမမြောက် နိုင်ပါဘူး။

မြန်မာလူမျိုးတွေအဖို့ကတော့ များသောအား ဖြင့် အလှူအတန်းမှာ လက်မနှေးတဲ့ စိတ်စေတနာ ကောင်းတွေက ကိုယ်စီရှိနှင့်ပြီးသားပါ။ လှူစရာ ပစ္စည်းပေါပေါများများရှိဖို့ပါပဲ။ လက်ရှိမှာ အထက် အညာဒေသအချို့မှာ မငြိမ်းချမ်းတော့ အရင်က ပြောသံ၊ စည်သံတညံညံနဲ့ အလှူရေစက် လက်နဲ့ မကွာ နေထိုင်လာကြတဲ့ ဒေသခံပြည်သူအချို့ဟာ လှူဖို့တန်းဖို့နေနေသာသာ အိုးပစ်အိမ်ပစ်ထွက်ပြေး တိမ်းရှောင်နေကြရတယ်။ အင်မတန်ဝမ်းနည်း ကြေကွဲစရာပါ။

မြန်မာကျေးလက်ဒေသတို့ရဲ့ ကျက်သရေမင်္ဂလာ

တကယ်တော့ မြန်မာကျေးလက်ဒေသတောရွာ တို့ရဲ့ သက်ဝင်ခမ်းနားမှုနဲ့ ရွာရဲ့ ကျက်သရေမင်္ဂလာ ဟာ ပြောသံစည်သံတညံညံနဲ့ ရှင်ပြုနားသအလှူ မင်္ဂလာပွဲတွေ၊ ၁၂ လရာသီ ဘုရားပွဲတော်တွေပဲ ဖြစ်ပါတယ်။ ကိုယ့်ရပ်ကိုယ့်ဒေသ ငြိမ်းချမ်းသာယာ ဖို့၊ စည်ပင်ဝပြောဖို့ဆိုတာ ဒေသခံတွေကိုယ်တိုင် ပူးပေါင်းတည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ။

မုံရွာမြို့ရှိ တက္ကသိုလ်များတွင် အဝေးသင်နှင့် B.ED စာပေးစာယူစာမေးပွဲများ အေးချမ်းစွာဖြေဆို

မုံရွာ နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မုံရွာစီးပွားရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမ များနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အဆင့်မြင့်ပညာကျောင်းများအား တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် လုံခြုံရေးအသိ၊ သတိဖြင့် သွားလာနေထိုင်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာကြူက သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်သင်က ကျောင်း၏ လိုအပ်ချက်များအား ဆွေးနွေးတင်ပြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမင်းမင်းသိမ့်က ကျောင်း၏သင်ကြားရေးလုပ်ငန်းများနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်ရှိ အဝေးသင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများ(**အပေါ်ပုံ**)နှင့် မုံရွာပညာရေးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ B.Ed စာပေးစာယူစာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသောလူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့နှင့် မိုင်းခတ်မြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်၌ လည်းကောင်း (**ဝဲပုံ**)၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်၌ လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သောချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးရဲတင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို ကြည့်ရှုစစ်ဆေး

မကွေး နိုဝင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်းများကြည့်ရှုစစ်ဆေးကာ မြို့သစ်မြို့နယ်ရုံး ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ နတ်မောက်မြို့နယ်ရုံး ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ်ရုံးသို့ ရောက်ရှိကာ ရုံးလုပ်ငန်းများကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ထပ်ဆင့်လွှင့်စက်ရုံအားကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး သရက်ခရိုင် မင်းလှမြို့နယ်ရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ ယင်းနောက် မင်းဘူးခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်တို့မှ ဦးစီးမှူး၊ မင်းဘူးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းက မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေနံချောင်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မကွေးသတင်းဌာနခွဲ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်မှဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (**အပေါ်ပုံ**)မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ်ရုံး၊ စလင်းမြို့နယ်ရုံးနှင့် ဆိပ်ဖြူမြို့နယ်ရုံးသို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် ချောက်မြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် မိမိတို့ဌာန၏ အဓိကလုပ်ငန်းဖြစ်သည့် ပြည်သူများအား သတင်းအချက်အလက်များ ပြန်ကြားပေးရန်နှင့် ပညာပေးခြင်းလုပ်ငန်းများကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြရန်၊ မိမိတို့ရုံးများရှိ ပြည်သူ့စာကြည့်တိုက်များသို့ ပြည်သူလူထုများ လာရောက်၍ စာဖတ်ခြင်း၊ စာအုပ်ငှားခြင်းများကို တိုးတက်အောင်ဆောင်ရွက်ကြရန်၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်အသိပညာဗဟုသုတများပြန့်ပွားစေရေးကို အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်အဆင့် အထိမ်းအမှတ်နေ့ ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပရာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)တိုးတက်အောင်မြင်ရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအား အကျိုးရှိစေမည့်သင်တန်းများ ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းကြိုတင်ပြင်ဆင်ထားကြရန်၊ ဒေသတွင်းမှ ထုတ်လုပ်မှုလုပ်ငန်းများကို သတင်းထုတ်ပြန်ပေးရေးဆောင်ရွက်ကြရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ မိမိတို့ လိုက်နာစောင့်ထိန်းရမည့် အမိန့်ဌာန်၊ ကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်းကမ်းပြည့်ဝပြီး တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်အမြဲကြိုးစားဆောင်ရွက်ရန်၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေးလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့်ပေါင်းစပ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရုံးများ၏ တင်ပြချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီးမှ ထွန်းသစ်စ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မခါနှင့်ညီမများ သဘာဝဆေးဆိုးရက်ကန်းလုပ်ငန်း

မျိုးမောင်မောင်ကျော်၊
လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှု အားကောင်းလာစေရေးနှင့် MSME ထုတ်ကုန်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် ရည်ရွယ်ပြီး မကွေးမြို့ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၌ (MSME) ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ဈေးဆိုင်ခန်းပေါင်း ၃၀ ကျော် ပါဝင်ပြသခဲ့ပြီး ထုတ်ကုန်ပစ္စည်းများအနေဖြင့် ဆီး/မန်ကျည်းဖျော်ရည်၊ အားလူးကြော်၊ ပဲယို၊ နှမ်းယို၊ စားသောက်ကုန်လုပ်ငန်း၊ သနပ်ခါး၊ ဆန်စက်၊ ဆီလုပ်ငန်း၊ ဝိုင်၊ အုန်းလက်မှုထုတ်ကုန်ပစ္စည်း၊ လက်ဖက်စို/လက်ဖက်ခြောက်၊ နတ်ရေကန်ကော်ဖီ၊ မခါနှင့် ညီမများ ဆေးဆိုးရက်ကန်းလုပ်ငန်း စသည့် ထုတ်ကုန်ပစ္စည်းမျိုးစုံကို ပြသရောင်းချခဲ့ကြောင်း တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်ထံမှ သိရသည်။

မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ချည်ထည်ထုတ်ကုန်များ ရောင်းချစဉ်။

MSMEကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ "မခါနှင့်ညီမများ သဘာဝဆေးဆိုးရက်ကန်းလုပ်ငန်း"ကို လုပ်ငန်းရှင် ဒေါ်တင်ဌေး ဦးဆောင်၍ ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

"မခါနှင့် ညီမများ သဘာဝဆိုးဆေးရက်ကန်းလုပ်ငန်း"သည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုင်းကလေးကျေးရွာ၌ တည်ရှိပြီး ကျေးရွာရှိ အမျိုးသမီးများ မိသားစုဝင်ငွေရရှိရေး၊ ဒေသ လက်မှုရက်ကန်းစင်လုပ်ငန်းများ မပျောက်ကွယ် မတိမ်ကောစေရေးဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် စတင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလက လုပ်ငန်းစတင် လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစတင်ချိန်က ရက်ကန်းရက်အလုပ်သမား ခုနစ်ဦးဖြင့် လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရက်ကန်းရက်ပညာကို စနစ်တကျ သင်ကြားပေးနိုင်ခဲ့သဖြင့် ကျွမ်းကျင်အမျိုးသမီးဦးရေ ၆၀ ခန့်အထိ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးထားနိုင်ပြီဖြစ်သည်။ ထို့ပြင် ရက်ကန်းပညာသင်တန်းကိုလည်း ပို့ချသင်ကြားပေးလျက်ရှိပြီး ဒေသခံအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ရက်ကန်းစင်များကိုလည်း ထောက်ပံ့ပေးထားသည်။

လုပ်သားများအတွက် လုပ်အားခအနေဖြင့် ပဝါတစ်ထည်လျှင် ရက်ခ ငွေကျပ် ၂၀၀၀ ၊ ပိတ်အုပ်တစ်အုပ်လျှင် အနည်းဆုံး ငွေကျပ် ၈၅၀၀ မှ ၁၀၀၀၀ အထိ ပေးရပြီး တစ်ရက် လုပ်အားခအနေဖြင့် အနည်းဆုံး ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ အထိ ရရှိကြကြောင်း သိရသည်။

လက်ရှိ ဈေးကွက်တွင် ခြုံစောင်၊ ခြုံပဝါ၊ ကျား/မ အဝတ်အထည်များ စသည့် ချည်ထည်ပစ္စည်းများကို ဖြန့်ဖြူးလျက်ရှိပြီး တစ်ရက် ပျမ်းမျှ လူတစ်ဦးလျှင် ပဝါသုံးထည်ခန့်နှင့် ပိတ်အုပ် ငါးကိုက်ခွဲ ထွက်ရှိသည်။ ထိုသို့ ထွက်ရှိလာသည့် ချည်ထည်ကုန်ချောပစ္စည်းများကို ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်များတွင် ရောင်းချသည့်အပြင် အွန်လိုင်းမှတစ်ဆင့်လည်း ဖြန့်ဖြူးရောင်းချလျက်ရှိသဖြင့် နေရာဒေသ တော်တော်များများအထိ ဖြန့်ဖြူးပေးလျက်ရှိသည်။ အဓိကအားဖြင့် ရန်ကုန်နှင့် မန္တလေးမြို့မှ ဒီဇိုင်နာလုပ်ငန်းရှင်များ၏ ဝယ်ယူမှု ပိုမိုများပြားသည်ဟုဆိုသည်။

MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်း လုပ်ငန်းရှင် ဒေါ်တင်ဌေးက "ဒီလိုလုပ်ငန်းဖွံ့ဖြိုးဖို့အတွက်ဆိုရင် မိဘပြည်သူတွေ ညီအစ်ကိုမောင်နှမတွေကို ပြည်တွင်းဖြစ် ဒေသထွက်ကုန်ပစ္စည်းတွေကို ဝယ်ယူအားပေးကြစေချင်တယ်။ ပြည်တွင်းဖြစ် ဒေသထွက်ကုန်တွေဟာဆိုရင် နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ထုတ်လုပ်မှုဒီဇိုင်းပုံစံတွေလည်း ပိုမိုကောင်းမွန်လာနေပြီ ဖြစ်ပါတယ်။ ဒေသထွက်ကုန် ချည်ထည်ပစ္စည်းတွေကို များများဝယ်ယူအားပေးခြင်းကြောင့် ဒေသကြီးအတွင်းက (MSME)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာ အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒ့ါပြင် ကျေးလက်နေပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေမှာဖြစ်ပြီး မိမိနိုင်ငံနဲ့ မိမိလူမျိုးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

လုပ်ငန်းရှင် ဒေါ်တင်ဌေးနှင့် တွေ့ဆုံမေးမြန်းစဉ်။

လူတိုင်းအတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဝတ်အထည်များကို တန်ဖိုးထား ဝယ်ယူဝတ်ဆင်ခြင်းဖြင့် ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများသည် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်၍ အရည်အသွေးကောင်းမွန်သော မြန်မာ့ရိုးရာ ချည်ထည်ပစ္စည်းများကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများမှတစ်ဆင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက်ပါ အထောက်အပံ့ကောင်းများ ရရှိလာစေမည်ဖြစ်သည်။ ။

မခါနှင့်ညီမများ ရက်ကန်းလုပ်ငန်းမှ ချည်ထည်ထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို တွေ့ရစဉ်။

လွတ်လပ်၍ပွင့်လင်းမြင်သာသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုဖော်ဆောင်ရေး အေပက်ခေါင်းဆောင်များ ထပ်လောင်းအတည်ပြု

ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၈

အာရှ - ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) ခေါင်းဆောင်များသည် ၎င်းတို့၏ ထိပ်သီးအစည်းအဝေး အဆုံးသတ်ပြီးနောက် လွတ်လပ်၍ ပွင့်လင်းမြင်သာသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖော်ဆောင်ရေး ထပ်လောင်းအတည်ပြုလိုက်သည်။

နှစ်ရက်ကြာ အေပက်ထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေမြို့ဖြစ်သော ဆန်ဖရန်စစ္စကိုတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးကို ယခုနှစ်၏ ဥက္ကဋ္ဌဖြစ်သည့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ မိန့်ခွန်းဖြင့် နိုဝင်ဘာ ၁၇ ရက်တွင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်များအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော စီးပွားရေးများကို ဖော်ဆောင်မှုနှင့်ပတ်သက်ပြီး နည်းလမ်းများရှာဖွေရာတွင် အတူတကွပါဝင်လုပ်ဆောင်ခဲ့ကြကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အေပက်သည် အာရှ - ပစိဖိတ်ဒေသတွင် နိုင်ငံနှင့် ဒေသပေါင်း ၂၁ ခုမှ ဒေသဆိုင်ရာ စီးပွားရေးဖိုရမ်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယခုနှစ် အေပက်ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့သည်။ လာမည့်နှစ် အေပက်ထိပ်သီးအစည်းအဝေးကို ပီရူးနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အစ္စရေး - ဟားမားစ်ပဋိပက္ခအတွင်း အရပ်သား သေဆုံးမှုများကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာ မိုဒီ ပြစ်တင်ရှုတ်ချ

နယူးဒေလီ နိုဝင်ဘာ ၁၈

အစ္စရေး - ဟားမားစ် ပဋိပက္ခအတွင်း အရပ်သားသေဆုံးမှုများကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီက ပြစ်တင်ရှုတ်ချလိုက်ပြီး အဆိုပါဒေသတွင် လူသားချင်းစာနာထောက်ထားမှု အခြေအနေများ တိုးတက်မှုရှိရေး လုပ်ဆောင်ကြရန် တောင်းဆိုလိုက်သည်။

Global South ဟု လူသိများသည့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ အွန်လိုင်းထိပ်သီးအစည်းအဝေးအတွင်း ၎င်းက ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။ ယခုနှစ်တွင် နယူးဒေလီမြို့၌ ဂျီ - ၂၀ ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ထိပ်သီးအစည်းအဝေး၏အသံတွင် ပါဝင်ကြရန် ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို တောင်းဆိုလိုက်သည်။

နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သော ညှိနှိုင်းဆွေးနွေးပွဲအစပိုင်းတွင် မိုဒီက ရာသီဥတုပြောင်းလဲမှုနှင့် စားနပ်ရိက္ခာအကျပ်အတည်းကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ၎င်းတို့၏ အသံများကို ညီညီညွတ်ညွတ် ပြောဆိုကြရန် ပူးပေါင်းပါဝင်လာသောနိုင်ငံများကို တိုက်တွန်းခဲ့သည်။

လာမည့် သီတင်းပတ်၌ နောက်ထပ် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ယခုအကြိမ်ပြုလုပ်မည့် အွန်လိုင်း ထိပ်သီးအစည်းအဝေးတွင် အရှေ့အလယ်ပိုင်းအရေးသည် ဆွေးနွေးစရာ ခေါင်းစဉ်အဖြစ် ပါဝင်လာဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ

ဘင်္ဂလားဒေ့ရှ်၌ ဆိုင်ကလုန်းမုန်တိုင်းမစ်ဟီလီ တိုက်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံး

ဒါကာ နိုဝင်ဘာ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း မစ်ဟီလီကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် လူ ခုနစ်ဦး သေဆုံးခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပြီးနောက် ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းခရိုင်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။ မုန်တိုင်းအရှိန်ကြောင့် မြို့တော်ဒါကာ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀၀ အကွာ ကော့ဘဇားခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရွှံ့အိမ်နံရံပြိုကျပြီးနောက် မိသားစုဝင် လေးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အရှေ့တောင်ဘက် စစ်တကောင်းခရိုင်နှင့် အလယ်ပိုင်း တန်ဂျေးခရိုင်တို့မှ သစ်ပင်လဲပြိုမှုများကြောင့် နောက်ထပ်သေဆုံးသူ သုံးဦးရှိခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကမ်းရိုးတန်းခရိုင်များရှိ ကောက်ပဲသီးနှံများ ပျက်စီးခဲ့ပြီး လူပေါင်းသောင်းနှင့်ချီ၍ မုန်တိုင်းခိုလှုံရာနေရာများသို့ ရွှေ့ပြောင်းခဲ့ရသည်။

ဆင်ဟွာ

ဆိုင်ကလုန်းမစ်ဟီလီ စစ်တကောင်း ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်စဉ်။

တောင်ကိုရီးယားနိုင်ငံ၌ ဆေးရုံမီးလောင်မှုဖြစ်ပွား၊ ၃၈ ဦးထက်မနည်း ဒဏ်ရာရ

ဆိုးလ် နိုဝင်ဘာ ၁၈

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာ ၁၈ ရက်က ဆေးရုံတစ်ရုံမီးလောင်မှုဖြစ်ပွားရာ ၃၈ ဦးထက်မနည်းဒဏ်ရာရရှိခဲ့သည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားမြို့တော်ဆိုးလ်အရှေ့တောင်ဘက် ၂၀၀ ကီလိုမီတာအကွာ ဂူမီမြို့ရှိ ခြောက်ထပ်ဆေးရုံတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ လူနာများအပါအဝင် လူပေါင်း ၉၁ ဦးကို ကယ်ထုတ်ခဲ့ရပြီး မီးခိုးငွေ့ရှူရှိုက်မိခြင်းအပါအဝင် အသေးစား ဒဏ်ရာများရရှိသူ ၃၈ ဦးထက်မနည်းရှိသည်။ ဆေးရုံမှလူနာများကို နီးစပ်ရာဆေးရုံများသို့ လွှဲပြောင်းပေးခဲ့ရသည်။ မီးသတ်ဌာနမှ တာဝန်ရှိသူများက ဆေးရုံအဆောက်အအုံအတွင်း ရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး သေဆုံးသူများမရှိဟု သိရသည်။ ဆေးရုံပထမထပ်အပြင်ဘက်မှစတင်၍ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။ မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို ရဲများနှင့် မီးသတ်အရာရှိများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြသည်။ **ဆင်ဟွာ**

အီရတ်ရှိ အမေရိကန်ဦးဆောင်သည့် မဟာမိတ်များရှိရာ လေတပ်အခြေစိုက်စခန်းနှစ်ခု တိုက်ခိုက်ခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသနှင့် အီရတ်အနောက်ပိုင်းတို့ရှိ အမေရိကန်ဦးဆောင်သည့် မဟာမိတ်များရှိရာ လေတပ်အခြေစိုက်စခန်းနှစ်ခု နိုဝင်ဘာ ၁၇ ရက်က ဒရုန်းများဖြင့်တိုက်ခိုက်ခံရသည်ဟု သိရသည်။

ကာ့ဒ်ဒေသမြို့တော် အာဘီရယ် မြို့အပြင်ဘက် ဟာရီရာရှိ လေတပ်အခြေစိုက်စခန်း ဒရုန်းဖြင့် တိုက်ခိုက်ခံရသည်ဟု ကာဒစ်စတန်ဒေသတွင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး ဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မဟာမိတ်တပ်များမှာ အောက်တိုဘာ ၂၀ ရက်ကတည်းက အဆိုပါစခန်းမှ ဆုတ်ခွာခဲ့ပြီးဖြစ်ရာ သေဆုံးသူမရှိဟု သိရသည်။

အီရတ်ရှိ အစ္စလာမ်တော်လှန်ရေးအဖွဲ့ဟု အမည်ပေးထားသော လက်နက်ကိုင်အုပ်စုက ၎င်းတို့၏ တိုက်ခိုက်ရေးသမားများသည် ဟာရီရာရှိ လေတပ်အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အွန်လိုင်းမှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

ဇင်ဘာဘွေနိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့နေ

ဟာရာရီ နိုဝင်ဘာ ၁၈

ဇင်ဘာဘွေနိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါ ကူးစက်မှုဆက်လက်ပျံ့နှံ့နေပြီး မြို့တော်ဟာရာရီရှိ ကာလဝမ်းရောဂါ သံသယရှိသူအရေအတွက်သည် တစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

မြို့တော်တွင် ကာလဝမ်းရောဂါ အတည်ပြုလူနာ ၂၁၀ ကျန်ရှိနေပြီး သံသယရှိသူ ၂၃၁၁ ဦးရှိကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ နိုဝင်ဘာ ၁၇ ရက်အထိ နိုင်ငံအတွင်း ကာလဝမ်းရောဂါအတည်ပြုသေဆုံးသူ ၅၁ ဦး၊ ကာလဝမ်းရောဂါ သံသယရှိသူ ၁၅၁ ဦး၊ အတည်ပြုလူနာ ၁၂၈၃ ဦး၊ သံသယရှိသူ ၇၈၉၁ ဦး၊ မနီကာလန်းပြည်နယ်သည် ထိခိုက်မှုအရှိဆုံးအဖြစ် ဆက်လက်တည်ရှိနေကာ အတည်ပြုသေဆုံးသူ ၂၅ ဦး၊ ကာလဝမ်းရောဂါ သံသယရှိသူ ၇၉ ဦး၊ အတည်ပြုလူနာ ၇၆၈ ဦး၊ သံသယရှိသူ ၃၂၃၂ ဦးရှိသည်။

ဆင်ဟွာ

ကမ္ဘာ့ဖလားခြေစစ်ပွဲ မြန်မာနှင့် မြောက်ကိုရီးယား နိုဝင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု ဒုတိယနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းနှင့်အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး မြောက်ကိုရီးယားအသင်းနှင့် ပွဲအတွက် ပြန်လည်ပြင်ဆင်နေပြီဖြစ်သည်။

မြန်မာအသင်းသည် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် ရမှတ်ရယူနိုင်ရန်ရုန်းကန်ရဖွယ်ရှိနေပြီး အိမ်ကွင်းပွဲများတွင်သာ အမှတ်ရရန်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် အာရှထိပ်သီး ဂျပန်အသင်းနှင့် အဝေးကွင်းကစားပြီး(**အပေါ်ပုံ**) နောက် မြောက်ကိုရီးယား အသင်းနှင့် အိမ်ကွင်းကစားရခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ကစားမည့် မြောက်ကိုရီးယားအသင်းသည် အုပ်စုပထမပွဲတွင် ဆီးရီးယားအသင်းကို အဝေးကွင်းတွင်တစ်ဂိုး - ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက "ဂျပန်နဲ့ပွဲက ကျွန်တော်တို့မှာ စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ဂျပန်အသင်းလို ကမ္ဘာ့အဆင့် အသင်းတစ်သင်းကို သူ့အိမ်ကွင်းမှာ အနိုင်ရဖို့၊ အမှတ်ယူဖို့ ဆိုတာတွေကို မျှော်လင့်မထားပါဘူး။ ကျွန်တော်တို့ လက်တွေ့ဆန်ဆန်ပဲ ဆုံးဖြတ်ပါတယ်။ ဒါကြောင့် ခံစစ်ဦးစားပေးပြီး အကောင်းဆုံး ကြိုးစားသွားခဲ့ကြတဲ့ ကစားသမားတွေကို ချီးကျူးပါတယ်။ နောက်ပွဲတွေ ကြုံတွေ့ရမယ့် မြောက်ကိုရီးယား၊ ဆီးရီးယားတို့က အင်အားကြီးအသင်းတွေဆိုပေမယ့် ဒီနေ့ ကစားရတဲ့ ဂျပန်ထက်စာရင် ကျွန်တော်တို့ အခွင့်အရေးရှိနေပါတယ်။ နိုဝင်ဘာ ၂၁ ရက် ရန်ကုန်မှာ မြောက်ကိုရီးယား အသင်းနဲ့ ကစားရမှာဖြစ်ပြီး ဂျပန်ပွဲနဲ့တော့ အစစအရာရာ ကွာခြားပါလိမ့်မယ်။ မတူညီတဲ့ ချဉ်းကပ်ပုံမျိုးနဲ့ ကျွန်တော်တို့ ပြိုင်ဘက်ကို ရင်ဆိုင်မှာပါ။ ဂျပန်အသင်းနဲ့ ပွဲလို ခံစစ်ပုံစံမျိုးမဟုတ်ဘဲ မတူညီတဲ့ ဟန်နဲ့ ကစားမှာပါ။ မြောက်ကိုရီးယားဆီကနေ အမှတ်ရအောင်ယူဖို့ ကြိုးစားပါမယ်။ ဒါက ကျွန်တော်တို့ မျှော်လင့်ချက်ပါ" ဟု ပြောကြားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

လေရှီးမြို့နယ်ရှိ ကျေးရွာငါးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

လေရှီး နိုဝင်ဘာ ၁၈

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာငါးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လေရှီးမြို့နယ်အတွင်းရှိ ဂျီချဲခါးကျေးရွာ၊ ပိန္နဲကုန်းကျေးရွာ၊ လှန်လှိုင်လှကျေးရွာ၊ ရွှေပြည်သာကျေးရွာတို့၌ ကျေးရွာခန်းမဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မယလုံကျေးရွာတွင် ကျေးရွာပတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် မြို့နယ် ကျေးလက်ဦးစီးမှူး ဦးချစ်မျိုးလှိုင်တို့ နိုဝင်ဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။ (**ဓါတ်ပုံ**) ယင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၈၇ အိမ်၊ အိမ်ထောင်စု ၂၀၄ စု၊ လူဦးရေ ၁၁၅၆ ဦးတို့အတွက် အကျိုးပြုမည်ဖြစ်သည်။

ယွန်း(မုံရွာ၊ ကိုယ်ပွား)

◆ *ကျောဖုံးမှ*

တက်ရောက်သည့်အသင်းများ ထပ်မံထွက်ပေါ်လာသည်။

အုပ်စုတတိယနေ့တွင် Dream Team အသင်းက UPK အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-တစ်ဂိုး၊ TG United အသင်းက ရိုးမအသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ MIU အသင်းက KKY အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မလိကြယ်စင်အသင်းနှင့် Winner Soccer အသင်းတို့က ငါးဂိုးစီသရေ၊ SGF အသင်းနှင့် Futsal-19 အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (F) မှ MIU အသင်းနှင့် DT Legends အသင်း၊ အုပ်စု (E) မှ YRG အသင်း၊ အုပ်စု (C) မှ SGF အသင်း၊ အုပ်စု (B) မှ မလိကြယ်စင်အသင်းတို့ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ နိုဝင်ဘာ ၁၈ ရက် ပွဲစဉ်များအပြီးထိ ရှုံးထွက်အဆင့်တက်ရောက်သည့်အသင်း ခြောက်သင်းအထိ ရှိလာပြီဖြစ်သည်။

အုပ်စုစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည့်စုံအသင်းနှင့် Generations အသင်း၊ Seven အသင်းနှင့် လင်းလက်အသင်း၊ VUC အသင်းနှင့် M2K အသင်း၊ Sun Far အသင်းနှင့် Noka အသင်း၊ Winner Soccer အသင်းနှင့် Black Cross အသင်း၊ Futsal-19 အသင်းနှင့် ရွှေပြည်သာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

❑ *ကျောဖုံးမှ*

မှတ်တမ်းကိုလည်း ပိုင်ဆိုင်ခဲ့သည်။ ပွဲချိန် ရှစ်မိနစ်တွင် မော်လ်တာအသင်းက ခံစစ်ကစားသမား ပီပီ ကိုယ့်ဂိုး ကိုယ်သွင်းယူမိခဲ့၍ အင်္ဂလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ခြေစွမ်းသာလွန်သည့် အင်္ဂလန်အသင်းသည် ပွဲစတင်ကတည်းက မော်လ်တာအသင်းဘက်သို့ တစ်ဖက်သတ်ဖိအားပေး တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် ရရှိခဲ့ပြီး ဟယ်ရီကိန်းက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၇၆ မိနစ်တွင် အင်္ဂလန်အသင်းအတွက် တတိယဂိုးကို ရိုက်စ်က သွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည်။

နည်းပြဆောက်လ်ဂိတ်၏ အင်္ဂလန်အသင်းသည် ယူရိုခြေစစ်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၁ ရက်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသော ယူရိုခြေစစ်ပွဲ ပွဲစဉ်ရလဒ်များတွင် အီတလီက မြောက်မက်ဆီဒိုးနီးယားကို ငါးဂိုး - နှစ်ဂိုး၊ ကာဇက်စတန်က ဆန်မာရီနိုကို သုံးဂိုး-တစ်ဂိုး၊ ဖင်လန်က မြောက်အိုင်ယာလန်ကို လေးဂိုး-ဂိုးမရှိ၊ ဒိန်းမတ်က စလိုဗေးနီးယားကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မော်ဒိုဗာနှင့် အယ်လ်ဗေးနီးယားအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို ပိုလန်နှင့် ချက်ဇ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ရန်ကုန် နိုဝင်ဘာ ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ngu War Snow Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃)နေ ငုဝါကျော်(ခ)ငုဝါစနိုးလေးအား မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ "Tin Mwae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆပ်ရပ်ကွက်နေ တင်မွေးအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Htwe Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက်နေ ထွေးထွေးအား ည ၈ နာရီတွင်လည်းကောင်း၊ "Khaing Thin Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်သဇင်္ဇာ(ခ) အိဖြူအား ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပေါင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးပွဲကျင်းပ

ပေါင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက (အထက) ပေါင်ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်ခိုင်ခင်ငယ်သင်းက (အထက) ပေါင်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဂိမ်းကစားနည်းကိုးနည်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးဘေးကစားနည်းများဖြစ်ကြသည့် သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသော ကစားနည်း၊ မီးလောင်စာမီးငြိမ်းသတ်ရေး ကတ်များကိုအသုံးပြု၍ ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်တွင်ရှိသည့်ပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့် ကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်ကစားနည်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်သည့်အခါ ယူဆောင်သွားရမည့် ပစ္စည်းများကို စဉ်းစားတတ်စေရန်နည်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများ လွယ်ကူစွာနားလည်နိုင်သော ရုပ်ပုံများကို အဆင့်လိုက်ဆက်သည့် ကစားနည်း၊ ကြိုးကလေးပုံပြင်စသည့် ကစားနည်းများကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာ၍ ကိုယ်တိုင်ပါဝင်ကစားခဲ့ကြကြောင်း သိရသည်။

အဆိုပါ အသိပညာပေးပွဲကို ဒုတိယပြည်နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လပွတ္တာခရိုင်၌ တရားမဝင်ကျွန်းသစ် ၁၆ ဒသမ ၀၇၉ တန်၊ အခြားသစ် ၁၁ ဒသမ ၄၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၈၁၇၉၂)ကို လည်းကောင်း၊ ပုသိမ်ခရိုင်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၄၀၀) ကိုလည်းကောင်း၊ ဖျာပုံခရိုင်၌ အခြားသစ် ၄ ဒသမ ၈၆၇ တန်နှင့် ရေစုပ်စက်တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၇၀၄)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၄၇၈၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ONDA Motherboard Without CPU ငါးခု၊ Computer Monitor အလုံး ၁၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မုပ္ပလင်-စွပ္ပနူးအင်္ဂါရှောင်ကွင်းလမ်းအတွင်း မသင်္ကာဖွယ် ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ လိုင်စင်မဲ့ Royal Enfield မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150 အားဖြည့်အချိုရည် ပုလင်း ၄၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၇၀၀,၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၃ ဒသမ ၇၈၀ တန်၊ အခြားသစ် ၁၄ ဒသမ ၉၅၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၄၉၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး (ဝဲပုံ) သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၄ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၆၂၈၄၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၀၁	၂၀၇၄
95 Ron	၂၁၂၉	၂၂၀၅
HSD (500 ppm)	၂၀၁၈	၂၀၈၇
HSD (50 ppm)	၂၁၀၄	၂၁၇၆
HSD (10 ppm)	၂၁၀၈	၂၁၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပန်းချီဆရာ ခြောက်ဦးလက်ရာများ ပြသသည့် လက်ပန်ကုန်းရွာသားများ ပန်းချီပြပွဲ

မန္တလေး နိုဝင်ဘာ ၁၈

ပန်းချီဆရာခြောက်ဦး လက်ရာများပါဝင်ပြသသည့် လက်ပန်ကုန်းရွာသားများ ပန်းချီပြပွဲ (Let Pan Kone Villagers Art Exhibition) အမည်ရ ပန်းချီပြပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေ သာစံမြို့နယ်ရှိ မန္တလေးတောင်ခြေ ပန်းချီပြခန်း(Mandalay Hill Art Gallery) တွင် ကျင်းပသည်။

အဆိုပါပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပန်းချီဆရာ ဆရာမများ၊ ပန်းချီ ဝါသနာရှင်များ၊ စာရေးဆရာများ၊ သတင်းမီဒီယာများ စုံညီစွာ တက်ရောက်သည်။ ပြပွဲသို့ ပြင်ဦးလွင်၊ ပြင်စာ၊ လက်ပန်ကုန်းရွာမှ ပန်းချီဆရာ ၁၀ ဦးက လာရောက်ပြသခြင်းဖြစ်သည်။ လက်ပန်ကုန်းရွာတွင် တေးရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီဆရာများလည်း အခြေချနေထိုင်လျက်ရှိသည်ဟု သိရသည်။

ပြပွဲတွင် ဆရာဝေမင်းအေး၊ ဆရာတင့်လွင်ဦး (နေခြည်)၊ ဆရာကိုဆဲလ်စ်၊ ဆရာမိုးဦး၊ ဆရာကြည်သာ၊ ဆရာ G မိုး တို့၏ပန်းချီကားများကို တစ်ဦးလျှင် ၁၀ ကား နှုန်းဖြင့် ပန်းချီကားပေါင်း ၆၀ ပြသထားပြီး ရေဆေးနှင့် အခရိုင်းလစ်ပန်းချီကားများ ပါဝင်သည်ဟု သိရသည်။

ပန်းချီပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီးမည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ထားသည်ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ အမှတ်တံဆိပ်များကို အကာအကွယ်ရယူခြင်းနှင့် အမှတ်တံဆိပ်မူပိုင်ခွင့်ချိုးဖောက်မှုများကို အရေးယူခြင်း

ဦးကျော်ကျော်(တရားရေး)

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ရောက်လာပြီဖြစ်၍ ယင်းဥပဒေအရ စွဲဆိုမှုများ၊ အငြင်းပွားမှုများလည်းတိုးပွားလာမည်ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးပိုင်ရှင်များအနေဖြင့် မိမိတို့၏အခွင့်အရေးကိုကာကွယ်ရန်လိုအပ်သကဲ့သို့ အခြားတစ်ဘက်တွင်လည်း အခြားသူ၏ အမှတ်တံဆိပ် အခွင့်အရေးကို ချိုးဖောက်ရာမရောက်အောင် သတိပြုရန်လိုအပ်မည်ဖြစ်၍ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ သိမှတ်ဖွယ်ရာများကို ကောက်နုတ်တင်ပြအပ်ပါသည်။

အမှတ်တံဆိပ်အမျိုးအစားများ

အမှတ်တံဆိပ် ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသောကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့ အပါအဝင် မျက်စိဖြင့်မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော် လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့်တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြု အမှတ်တံဆိပ် တို့လည်းပါဝင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ည))**

ကုန်အမှတ်တံဆိပ် ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ် တစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဋ))**

ဝန်ဆောင်မှုအမှတ်တံဆိပ် ဆိုသည်မှာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဌ))**

စုပေါင်းပိုင်အမှတ်တံဆိပ် ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များ ပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်လည်း ပါဝင်သည်။ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ၂(ဍ))

အသိအမှတ်ပြုအမှတ်တံဆိပ် ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြား ထူးခြားသော အချက်အလက်များနှင့် စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဎ))**

ဒေသဆိုင်ရာအညွှန်း ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဏ))**

"မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ (၁)အမှတ်တံဆိပ်အတုပြုလုပ်ခြင်း၊ (၂)အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အသုံးချခြင်း၊ (၃)အမှတ်တံဆိပ်အတုပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင် အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်းတို့ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်"

ကျော်ကြားသောအမှတ်တံဆိပ် ဆိုသည်မှာ သတ်မှတ်ထားသောစံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသောအမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(တ))**

ကုန်သွယ်မှုအမည် ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်နှင့် တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ထ))**

မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကိုခံစားခွင့်

ဤဥပဒေအရ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိရန် မှတ်ပုံတင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၁၅)**

"အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၉ နှင့် ၄၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သီးသန့်အခွင့်အရေးအဖြစ် (၁) ယင်း၏သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူသို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။ (၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်"

အမှတ်တံဆိပ်ပိုင်ရှင်၊ အမှတ်တံဆိပ်ပိုင်ရှင်၏ အခွင့်အရေးများ

အမှတ်တံဆိပ်ပိုင်ရှင် ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်း ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဒ))**

အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း(၁၁)ပါ မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၇)**

အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၉ နှင့် ၄၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သီးသန့်အခွင့်အရေးအဖြစ် (၁) ယင်း၏သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူသို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။ (၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။ (၃) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည်။ (ကက)မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊ (ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကိုထိခိုက်စေနိုင်ခြင်း။ (ခ) အခန်း(၁၃)နှင့်(၁၄)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၈)**

သို့ဖြစ်ရာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားခြင်း ဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကို ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

အခွင့်အရေးရရှိသူ

ဆက်လက်၍ အမှတ်တံဆိပ်ပိုင်ရှင်အပါအဝင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ခ)အရ ကျော်ကြားသောအမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ပိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခု ဖြစ်သော အခွင့်အရေးရရှိသူ၏ အခွင့်အရေးများကို ဆက်လက်တင်ပြအပ်ပါသည်။

အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းများအတွက် (က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊ (ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသောအသုံးဝင်မှု၊ တန်ဖိုး၊ မူရင်း ဒေသ၊ ထုတ်လုပ်သည့်အချိန်ကာလ သို့မဟုတ် အခြားသော လက္ခဏာများကိုဖော်ပြသည့် ညွှန်းပြချက်များ၊ (ဂ) ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အသုံးပြုရန် ရည်ရွယ်သည့်ဖော်ပြချက်၊ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏ အသုံးပြုရန်ရည်ရွယ်သည့် ဖော်ပြချက်တို့နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့် မရှိစေရပါ။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၉)**

အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းကိုယ်တိုင်က ဖြစ်စေ၊ ယင်း၏ သဘောတူညီချက်ရရှိသူကဖြစ်စေ ပေးပို့ထားသည့် ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ ယင်း၏အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့် မရှိစေရ။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၄၀)**

စာမျက်နှာ ၁၇ သို့

ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေ၌ ဘားအံပညာ့ရိပ်သာအိမ်ရာဝင်းစီမံကိန်းဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၁၈

ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေရှိ ပညာရေးဝန်ကြီးဌာန ဘားအံပညာ့ရိပ်သာ အိမ်ရာဝင်းစီမံကိန်း ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက်က ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေရှိ အဆိုပါရိပ်သာ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံ၏အနာဂတ်အတွက် အလွန်အရေးကြီးသည့် ပညာရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအား နိုင်ငံတော်အစိုးရက အလေးအနက်ထား ပံ့ပိုးလျက်ရှိရာ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်နေပြီး ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် အဆင့်မြင့်အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့တွင် ဘားအံပညာ့ရိပ်သာအိမ်ရာဝင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး အဆင့်မြင့်တိုက်ခန်းများတွင် ပရိဘောဂအပြည့်အစုံဖြင့် ဆရာ ဆရာမများ အဆင်ပြေပြေနေထိုင်နိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ စံနမူနာပြ ဆရာ ဆရာမများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက ဘားအံပညာ့ရိပ်သာအိမ်ရာဝင်းစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Myanmar Imperial Vega ကုမ္ပဏီလီမိတက်က ဘားအံတက္ကသိုလ် ပါမောက္ခချုပ်ထံ အိမ်ရာသာယာရေး မတည်ငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ပညာရေးဝန်ကြီးဌာန ဘားအံပညာ့ရိပ်သာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(ဓာတ်ပုံ) ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အိမ်ရာဝင်းအတွင်း အိပ်ခန်းတစ်ခန်းပါ အခန်းပေါင်း ၃၂ ခန်းပါဝင်သော လေးထပ်တိုက် တစ်လုံး၊ အိပ်ခန်း နှစ်ခန်းပါ အခန်းပေါင်း ၃၂ ခန်း ပါဝင်သည့် လေးထပ်တိုက် သုံးလုံး၊ အိပ်ခန်းသုံးခန်းပါ အခန်းပေါင်း ၃၂ ခန်းပါဝင်သည့် လေးထပ်တိုက် တစ်လုံး စုစုပေါင်း အိမ်ခန်းပေါင်း ၁၆၀၊ ရေ၊ မီး၊ မိလ္လာနှင့် အရေးပေါ် မီးငြိမ်းသတ်ရေးစနစ်များ၊ Gym ခန်းမနှင့် Community Centre ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံတက္ကသိုလ်အဝင်လမ်း၌ တစ်ဖက်လျှင် ၁၂ ပေအကျယ် လမ်းလယ်ကျွန်းနှင့် တစ်ဖက်လျှင် ပလက်ဖောင်း ငါးပေစီပါဝင်သော အရှည် ပေ ၅၈၀ ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်သည်။ သရုပ်ပြပွဲသို့ နေပြည်တော် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် အမှိုက်များကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ခြင်းဖြင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျ ထည့်သွင်း ပေါင်းစပ်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ၂၀၁၇ ခုနှစ်က ပေးအပ်ချီးမြှင့်ခဲ့သော အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သော မြို့ကြီးများဆုကိုရရှိခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် Clean City, Green City and Smart city မြို့တော်ဖြစ်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်း (ကောက်ရိုးပြတ်၊ ပြောင်းရိုး)များဖြင့် သဘာဝမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ ရှင်းလင်း သရုပ်ပြသခဲ့သည်။ **သတင်းစဉ်**

စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေဩဇာပြုလုပ်ပုံကို သရုပ်ပြသစဉ်။

စာမျက်နှာ ၁၆ မှ

အခွင့်အရေးရရှိသူသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိပါက အဆိုပါ ကုန်ပစ္စည်း ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၈)**

အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇(ခ)/ ၃၈(က)(၂))**

အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၉ နှင့် ၈၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇(က))**

ပုဒ်မ ၄၀ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏အခြေအနေ ပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၄၁)**

အများပြည်သူသို့ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်ခြင်းနှင့်ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း

ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံတင်မထားသည့် ကျော်ကြားသော အမှတ်တံဆိပ်သင်္ကေတတစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၈(ခ))**

အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ်တံဆိပ်ကို ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ အခွင့်အရေးတစ်ရပ်ရပ်ကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၈(က))**

မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ (၁)အမှတ်တံဆိပ်အတုပြုလုပ်ခြင်း၊ (၂) အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အသုံးချခြင်း၊ (၃)အမှတ်တံဆိပ်အတုပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင် အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်းတို့ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၇(က))**

မည်သူမဆို စီးပွားရေးအလို့ငှာ (၁)အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကားဖြန့်ဝေခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားဖြန့်ဝေရန် လက်ဝယ်ထားခြင်း၊ (၂) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှ တင်ပို့ခြင်းတို့ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၈၇(ခ))**

သို့ဖြစ်၍ အခွင့်အရေးရရှိသူအနေဖြင့် ၎င်း၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေး ချိုးဖောက်သူအပေါ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် တရားစွဲဆိုခွင့်ရှိမည်ဖြစ်သကဲ့သို့ မိမိအနေဖြင့်လည်း ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်အား ထင်ယောင်ထင်မှားဖြစ်စေနိုင်မည့် အသုံးပြုခြင်းများကို သတိပြုရှောင်ရှားခြင်းဖြင့် ဘေးကင်းရန်ကွာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်စေရန် စုစည်းတင်ပြအပ်ပါသည်။ ။

သုံးနှစ်ကျော်ပြီးမှ ပြန်လည်ကျင်းပမည့် ကလောမြို့ရဲ့ရိုးရာ မီးကြာစံလှည့်လည်ပူဇော်ပွဲနှင့် မီးရှော်တိုင်ပွဲတော်

ယဉ်လာဒ်

ကိုဗစ်ကပ်ရောဂါမဖြစ်ပွားမီက ကျင်းပခဲ့သော ကလောမြို့ မီးကြာစံလှည့်လည်ပူဇော်ပွဲ။ ဓာတ်ပုံ- ဟန်သစ်

ကလောမြို့ရဲ့ အထင်ကရပွဲတော်ဖြစ်ပြီး တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ကြိမ်သာ ကျင်းပတဲ့ ရိုးရာ မီးရှော်တိုင်ထွန်းညှိပူဇော်ပွဲနဲ့ မီးကြာစံ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာလကုန်ပိုင်းမှာ တစ်ဖန်ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ပွဲတော်တွေဟာ ၁၂ လရာသီစလုံးမှာ ရှိကြပြီး လအလိုက်ကျင်းပကြတဲ့ ပွဲတော်တွေသာမက တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်တွေကိုလည်း ကျင်းပကြလေ့ရှိပါတယ်။

မီးရှော်တိုင် ထွန်းညှိပူဇော်ပွဲ

ဒီတစ်ပတ်မှာတော့ ထင်းရှူးမြို့တော်လို့ တင်စားရတဲ့ ကလောမြို့ရဲ့ ရိုးရာ မီးရှော်တိုင် ထွန်းညှိပူဇော်ပွဲအကြောင်းကို မျှဝေဖော်ပြပေးလိုပါတယ်။

ကလောမြို့ မီးရှော်တိုင်ထွန်းညှိပူဇော်ပွဲကို ရိုးရာဓလေ့ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ပေမယ့် ကိုဗစ်ကပ်ရောဂါဖြစ်ပြီးတဲ့နောက်ပိုင်း မကျင်းပနိုင်ခဲ့တာ သုံးနှစ်ကျော်ရှိခဲ့ရာမှ ဒီနှစ်မှာတော့ နိုဝင်ဘာ ၂၈ ရက်ကနေ ဒီဇင်ဘာ ၁ ရက်အထိ ပွဲတော်ကို လေးရက်တိုင်တိုင် ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်လို့ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက စာရေးသူကို ပြောပြပါတယ်။ ပုံမှန်အားဖြင့်ဆို ပွဲတော်ကာလကို တစ်ပတ်နီးပါး ကျင်းပပေမယ့် ဒီနှစ်မှာတော့ လေးရက်ပဲ ကျင်းပမယ်လို့ သိရပါတယ်။

သုံးနှစ်ကျော်ပြီးမှ ပြန်ကျင်းပနိုင်

ကလောမြို့ အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးကလည်း "ရိုးရာအစဉ်အလာမပျက် ပြန်ကျင်းပနိုင်တာကို သိပ်ဝမ်းသာတာပေါ့ဗျာ။ ကိုဗစ်ဖြစ်နေတဲ့ ကာလတစ်လျှောက် မကျင်းပခဲ့တာ သုံးနှစ်ကျော်ရှိပါပြီ" လို့ စာရေးသူကို ပြောပါတယ်။

တန်ဆောင်တိုင်ပွဲတော်လို့ မခေါ်ဘဲ ကလောမြို့ရဲ့ ရိုးရာမီးရှော်တိုင်ပွဲတော်လို့သာ ခေါ်ဝေါ်သုံးစွဲကြပါတယ်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပြီးမှသာ ကလောတန်ဆောင်တိုင်ပွဲတော်ကို ပြုလုပ်လေ့ရှိတယ်လို့လည်း တောင်ရိုးဒေသခံ တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ဖိုးထွန်းနိုင်က စာရေးသူကို ပြောပါတယ်။ "ကလောမြို့ ရပ်ကွက်အလိုက် မီးရှော်တိုင်နဲ့ မီးကြာစံ လှည့်လည်ပူဇော်ကြပါတယ်။ မီးကြာစံလှည့်လည်ပူဇော်ရင် လူအင်အားလိုတဲ့အခါ ကျွန်တော်တို့ကို ခေါ်ပါတယ်" လို့သူက ဆက်ပြောပါတယ်။

> ❖ **ကလောမြို့ပေါ်မှာ ရပ်ကွက် ၁၁ ရပ်ကွက်ရှိပြီး ရပ်ကွက်တစ်ခုစီကနေ မီးရှော်တိုင်တစ်ခုစီ ထွန်းညှိပူဇော်ကြပါတယ်။ မီးကြာစံကတော့ မိမိတို့ပုံဖော်လိုတဲ့ ဒီဇိုင်းအလိုက်ပုံဖော်ပြီး ရိုးရာဝတ်စုံတွေဝတ်ဆင်ပြီး မြို့ပေါ်ကို စီတန်းလှည့်လည် ပူဇော်ကြတာဖြစ်ပါတယ်။ ကလောမြို့ နာရီစင်ဘေးက ကလောမောမြေဦးပန်းခြံကွင်းထဲနဲ့ မီးရှော်တိုင်ပြုလုပ်ကျင်းပမယ့်ကွင်းကို ကြိုတင်ပြင်ဆင်ပေးထားပြီးဖြစ်ပါတယ်**

ကလောမြို့ပေါ်မှာ ရပ်ကွက် ၁၁ ရပ်ကွက်ရှိပြီး ရပ်ကွက်တစ်ခုစီကနေ မီးရှော်တိုင်တစ်ခုစီ ထွန်းညှိပူဇော်ကြပါတယ်။ မီးကြာစံကတော့ မိမိတို့ပုံဖော်လိုတဲ့ ဒီဇိုင်းအလိုက် ပုံဖော်ပြီး ရိုးရာဝတ်စုံတွေဝတ်ဆင်ပြီး မြို့ပေါ်ကို စီတန်းလှည့်လည် ပူဇော်ကြတာဖြစ်ပါတယ်။

ကလောမြို့ နာရီစင်ဘေးက ကလောမောမြေဦးပန်းခြံကွင်းထဲနဲ့ မီးရှော်တိုင်ပြုလုပ်ကျင်းပမယ့်ကွင်းကို ကြိုတင်ပြင်ဆင်ပေးထားပြီးဖြစ်ပါတယ်။ ပွဲတော်ကာလမှာ ဈေးရောင်းပွဲတော်ကိုလည်း အားကစားကွင်းထဲမှာကျင်းပဖို့ စီစဉ်ပေးထားတယ်လို့ ကလောမြို့ရဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။

မီးရှော်တိုင်ဆိုတာ ကလောမြို့ရဲ့ အမည်နာမဝိသေသဖြစ်ပြီး ထင်းရှူးဆီ ထင်းရှူးသားတွေနဲ့ မျှော်တိုင်အမြင့် ၂၅ ပေကျော်ကို ဝါးနီးခေါက်နဲ့ကျစ်ပတ်ထားတဲ့တိုင်ကို ခေါ်ဝေါ်တာဖြစ်ပြီး မီးရှော်တိုင်တစ်တိုင်ကို လူအယောက် ၂၀ လောက်က ဝိုင်းဝန်းပြီး ထမ်းရတာဖြစ်ပါတယ်။ မီးရှော်တိုင်နဲ့တွဲဖက်ပြီး ယမ်းခွေကိုလည်း ပြုလုပ်ရပါတယ်။

နှစ်ပေါင်း ၆၀ ကျော် ကျင်းပခဲ့

အချိန်ပေးပြီး ဖွဲ့ လုံ့လ ဝီရိယတွေနဲ့ စိတ်ရောကိုယ်ပါနှစ်ပြီး ကြိုတင်ပြင်ဆင်ပြီးမှသာ မီးရှော်တိုင်ပွဲတော်ကို ကျင်းပလေ့ရှိကြပါတယ်။ မီးရှော်တိုင်ကို အမြင့်ဆုံးအထိ ရောက်အောင်ပစ်ပြီး ဘုရားမီးပူဇော်ကြတဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ်။ မီးရှော်တိုင်ပွဲတော် ကျင်းပတဲ့ကာလဟာ စတင်ကျင်းပတဲ့နှစ်ကစလို့ ဒီနှစ်အထိဆို နှစ်ပေါင်း ၆၀ ကျော် ရှိပြီလို့ ဒေသခံတွေပြောစကားအရ သိရပါတယ်။

"တိုင်းရင်းသားတို့ရဲ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ပေးတဲ့ ပွဲတော်ဖြစ်တဲ့အတွက် မြန်မာပြည်တစ်ပြည်လုံးက ခရီးသွားတွေအနေနဲ့ လာရောက်လေ့လာပြီး ဆင်နွှဲပေးကြပါ" လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ကလောမြို့ဆိုတာ ခရီးသွားဧည့်သည်တွေရဲ့ စိတ်နှလုံးကို သိမ်းပိုက်ထားနိုင်တဲ့ ခရီးသွားမြို့တော်တစ်ခု ဖြစ်ပါတယ်။ အေးမြတဲ့ တောင်ပေါ်မြို့လေးဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြတဲ့ မြို့လေးလည်း ဖြစ်ပါတယ်။ လည်ပတ်စရာနေရာတွေကလည်း တစ်ခုပြီးတစ်ခု အသစ်အသစ်တွေ ပေါ်ထွက်နေတာမို့ ခရီးသွားဧည့်သည်တွေရဲ့ မျက်စိကျစရာမြို့တော်ဖြစ်ပါတယ်။

ဒါကြောင့် ကလောမြို့ရဲ့ ရင်သပ်ရှုမောစရာကောင်းလှတဲ့ ရိုးရာဓလေ့ပွဲတော်ဖြစ်ပြီး သုံးနှစ်ကျော်ကြာမှ ပြန်လည်စတင်ကျင်းပမယ့် မီးရှော်တိုင် ထွန်းညှိပူဇော်ပွဲနဲ့ မီးကြာစံ လှည့်လည်ပူဇော်ပွဲကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။

ဓာတ်ပုံ- တင်စိုးအောင် (ကလော)

ဓာတ်ပုံ- ဟန်သစ်

ကိုဗစ်ကပ်ရောဂါမဖြစ်ပွားမီက ကျင်းပခဲ့သော ကလောမြို့ မီးရှော်တိုင်ပွဲတော်မှ မြင်ကွင်းများ။



သန်လျင်မြို့နယ်တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးသည့် မိုးစပါးများ ရိတ်သိမ်း

ရန်ကုန်　နိုဝင်ဘာ　၁၈

သန်လျင်မြို့နယ်အတွင်း ကန်ထရိုက်လယ်ယာစနစ် ဖြင့် စိုက်ပျိုးသည့် သမဝါယမအသင်းများ၏ မိုးစပါးရိတ်သိမ်းနေမှုကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။

ယင်းသို့မိုးစပါးရိတ်သိမ်းရာတွင် သန်လျင်မြို့နယ် သမဝါယမအသင်းစုအစီအစဉ်ဖြင့် စိုက်ပျိုးသည့် ဘယက်ကျေးရွာနှင့် ညောင်လေးပင်ကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း လီမိတက်နှစ်သင်းမှ အသင်းသား ၄၄ ဦး၊ လယ်ဧက ၂၃၇ မှ စပါးများရိတ်သိမ်းပြီး မြို့နယ်သမဝါယမအသင်းစုမှပံ့ပိုးပေးခဲ့သော သွင်းအားစုနှင့်ညီမျှသည့်စပါးများ ပေးသွင်းခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

လားရှိုးမြို့သို့ဆေးကုရန်သွားသည့် လူနာများအား ပရဟိတအဖွဲ့များက ကျင်သီတံတားမှ ကူးပြောင်းပေး

သီပေါ　နိုဝင်ဘာ　၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သီပေါမြို့နယ် ကျင်သီတံတား နိုဝင်ဘာ ၁၁ ရက်က မိုင်းခွဲခံရမှုကြောင့် တံတားကျိုးကျပျက်စီးသွားသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသနှင့် ပြည်မဆက်သွယ်ရေးလမ်းကြောင်းမှာ အဆက်အသွယ်ပြတ်သွား၍ ကျောက်မဲမြို့နယ်ထွက် ကြက်ဥများ တစ်လုံးလျှင် ငွေကျပ် ၁၀၀ သာရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ကျောက်မဲမြို့နယ်မှ ဝေဒနာရှင်လူနာများ လားရှိုးပြည်နယ်ခွဲ ဆေးရုံကြီးသို့ သွားရောက်ဆေးကုသရာ၌ သီပေါ ကျင်သီတံတားကို ဖြတ်ကျော်ရာတွင် ကျောက်မဲနမ့်ခုံး ပရဟိတ၊ သီပေါ လူငယ်၊ နယ်စည်းမခြား ပေါ်ကြိုပရဟိတ စသည့်လူမှုရေးအသင်းအဖွဲ့များက အားကြိုးမာန်တက် ပြောင်းရွှေ့သယ်ယူပို့ဆောင်ပေးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ခရီးလွန်သည့် မော်တော်ယာဉ်များကို ကျင်သီတံတားဖြတ်ကူးရာတွင် ကရိန်းဝန်ချီစက်ဖြင့် ပြောင်းရွှေ့ပေးလျက်ရှိပြီး အချို့သော ဆိုင်ကယ်သမားများအနေဖြင့် ကျင်သီတံတားအောက် ချောင်းဘေးမြေသားလမ်းမှတစ်ဆင့် ဖြတ်ကျော်သွားလာလျက်ရှိကြောင်း မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းထံမှ သိရသည်။

စိုင်း(သီပေါ)

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော်　နိုဝင်ဘာ　၁၈

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

ယနေ့စျေးကွက်ပေါက်စျေးများ

၁၈ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၄၅ ကျပ်	၂၁၉၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၄၅ ကျပ်	၂၂၉၅ ကျပ်
အောက်တိန်း ၉၂	၂၁၃၀ ကျပ်	၂၁၈၀ ကျပ်
အောက်တိန်း ၉၅	၂၂၅၀ ကျပ်	၂၃၀၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၈၀၀	၃၂၆	၂၇၉၅၁၀၀
MTSH	၂၈၅၀	၂၉၀၀	၂၅၄၅	၂၃၈၀၄၅၀
MCB	၇၆၀၀	၇၆၀၀	၂၆	၁၉၇၆၀၀
FPB	၁၅၅၀	၁၆၀၀	၆၅	၁၀၃၅၀၀
TMH	၂၄၀၀	၂၄၀၀	၁၅၂	၃၆၄၈၀၀
EFR	၂၀၀၀	၂၀၀၀	၂၇၁	၃၄၂၀၀၀
AHPC	၄၉၀၀	၄၉၀၀	၈	၃၉၂၀၀
MAEPC	၁၇၀၀	၁၇၀၀	၁၅၃၉	၂၆၁၆၃၀၀

ညီညီ - စုစည်းသည်

ပရီမီယာလိဂ်ပြိုင်ပွဲစတင်ယှဉ်ပြိုင်ကစားလာတာဟာ အခုဆိုရင် ပွဲစဉ် (၁၂) အထိ ပြီးဆုံးခဲ့ပြီ။ အဲဒီလို ပြီးဆုံးချိန်မှာ အမှတ်ပေးဇယားကို မန်စီးတီးအသင်းက တစ်မှတ်အသာနဲ့ ဦးဆောင်ထားတယ်။ နည်းပြတန်ဟက်ရဲ့ မန်ယူအသင်းက ရမှတ် ၂၁ မှတ်နဲ့ အဆင့် (၆) မှာ ရပ်တည်နေတယ်။ ဒီလိုရပ်တည်နေတာက မန်ယူအသင်းပရိသတ်တွေအတွက် ကျေနပ်စရာရလဒ်တစ်ခုမဟုတ်တာ သေချာတယ်။

ရက်ဖို့ဒ် (၂၆ နှစ်)
တိုက်စစ်
လိဂ် ၁၁ ပွဲကစား၊ ၁ ဂိုးသွင်း

ဟွိုက်လန်း (၂၀ နှစ်)
တိုက်စစ်
လိဂ် ၉ ပွဲကစား၊ ၀ ဂိုးသွင်း

ခံစစ်နဲ့ တိုက်စစ်ပိုင်း ဆိုးရွားလာမှုကြောင့် ပွဲစဉ်တိုင်း ရတက်မအေးရတဲ့ တန်ဟက်ရဲ့ မန်ယူ

■ မိုးဇက်

မေဆင်မောင့်၊ အီဗန့်စ်၊ အိုနာနာ၊ ဟွိုက်လန်း၊ ဘာရင်ဒါ၊ ရီဂွယ်လွန်နဲ့ အမ်ရာဘတ်တို့ ခေါ်ယူအားဖြည့်နိုင်ခဲ့တာကြောင့် မန်ယူအသင်းအနေနဲ့ ပြိုင်ပွဲစတင်ကတည်းက ရလဒ်ကောင်းတွေနဲ့ အစပြုနိုင်မယ်လို့ ပရိသတ်တွေက မျှော်လင့်တွက်ဆထားပေမယ့်လည်း တကယ်လက်တွေ့မှာတော့ ကစားသမားသစ်တွေနဲ့ ရှိရင်းစွဲကစားသမားတွေကြား နားလည်မှု လွဲမှားခြင်း၊ ခံစစ် – ကွင်းလယ် – တိုက်စစ်ချိတ်ဆက်ကစားပုံ အားနည်းခြင်း၊ အသင်းကစားသမားတွေ နိုင်လိုစိတ် ပြင်းထန်မှု အားနည်းခြင်း၊ မလိုအပ်ဘဲ တစ်ကိုယ်ကောင်းဆန်ခြင်း၊ တိုက်စစ်ကစားသမားတွေ အဆုံးသတ်အားနည်းခြင်း စတာတွေကြောင့် အသင်းရလဒ်ပိုင်းဆိုးရွားနေတဲ့အတွက် အထင်နဲ့အမြင် လွဲမှားနေတာ တွေ့ရတယ်။

ဆိုရရင် မန်ယူအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လေးပွဲကစားပြီး တစ်ပွဲသာနိုင်ပွဲရကာ သုံးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် အမှတ်ပေးဇယားအောက်ဆုံးရပ်တည်နေပြီး ပြိုင်ပွဲကနေထွက်ခွာရဖို့လက်တစ်ကမ်းအလိုကို ရောက်နေပြီဖြစ်တယ်။ ဒ့ါအပြင် ကာရာဘောင်ဖလားပြိုင်ပွဲမှာလည်း နယူးကာဆယ်အသင်းရဲ့ ယမန်နှစ် ရှုံးကြွေးပြန်ဆပ်မှုကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီ ဖြစ်တယ်။ ပရီမီယာလိဂ်မှာလည်း တိုက်စစ်ထက်မြက်တဲ့ မန်စီးတီး၊ အာဆင်နယ်၊ စပါး၊ လီဗာပူးစတဲ့ အသင်းတွေကိုကျော်ဖြတ်နိုင်ဖို့ ခဲယဉ်းတာကြောင့် အမှတ်ပေးဖလားဆွတ်ခူးရေး မျှော်လင့်ချက်က အလွန်နည်းပါးပါတယ်။

မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ရက်ဖို့ဒ်၊ အန်တိုနီ၊ ဂါနာချို၊ ပယ်လစ္စထရီ၊ ဟွိုက်လန်းနဲ့ မာရှယ်တို့ ရှိနေပေမယ့် ပရီမီယာလိဂ်မှာ တစ်ဂိုးသာ သွင်းယူထားနိုင်သေးတယ်။ မန်ယူအသင်းဟာ ပရီမီယာလိဂ်နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်နဲ့ အကောင်းဆုံးပုံစံမှာရှိနေတယ် ဆိုသော်ငြား အသင်းတိုက်စစ်က လက်ရှိအချိန်အထိ စုစုပေါင်း ရဂိုး ၁၃ ဂိုးသာ ရှိတာကြောင့် တိုက်စစ်အဆိုးရွားဆုံးအသင်းထဲမှာ ပါနေတာတွေ့ရတယ်။ အဲဒီ ၁၃ ဂိုးထဲမှာ ကွင်းလယ်က တွန်မီနေးနဲ့ အသင်းခေါင်းဆောင် ဖာနန်ဒက်စ်တို့က သုံးဂိုးစီပါတယ်။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးတိုက်စစ်စုဖွဲ့မှုနဲ့ ရင်ဆိုင်နေရတာ ဖြစ်တယ်။

ယမန်နှစ်တုန်းက ဂိုးသွင်းစွမ်းရည်ထက်မြက်မှုရှိခဲ့တဲ့ တိုက်စစ်ကစားသမား ရက်ဖို့ဒ်ဆိုရင် ဒီရာသီ ပရီမီယာလိဂ်မှာ ၁၁ ပွဲကစားပြီး တစ်ဂိုးသာ သွင်းယူထားနိုင်တဲ့အထိ ဆိုးရွားသွားတယ်။ ယုံကြည်မှုတွေ ပျောက်ဆုံးသွားတယ်။ အပိုင်အခွင့်အရေးတွေရသည့်တိုင် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိတော့ဘူး။ ဟွိုက်လန်းကလည်း ချန်ပီယံလိဂ်မှာ လေးပွဲကစားပြီး ငါးဂိုးအထိ သွင်းယူထားနိုင်တယ်ဆိုပေမယ့် ပရီမီယာလိဂ်မှာ ကိုးပွဲကစားပြီးတဲ့အထိ ဂိုးသွင်းယူထားနိုင်ခြင်း မရှိသေးဘူး။

ဒ့ါအပြင် ပေးဂိုးခွင့်ပြုရတဲ့ အပိုင်းကိုကြည့်ရင်လည်း ၁၆ ဂိုးအထိ ရှိနေတယ်။ ပြောမယ်ဆိုရင် ဒါကလည်း အသင်းကြီးတွေနဲ့နှိုင်းစာရင် ပေးဂိုး အများဆုံးခွင့်ပြုပေးရတဲ့ အသင်းထဲပါတယ်။ ပေးဂိုးတွေ ပွဲတိုင်းနီးပါး ခွင့်ပြုပေးရတာဟာ ခံစစ်ပိုင်းအားနည်းမှုကြောင့်လို့ ဆိုနိုင်ပေမယ့် တကယ်တမ်းမှာ ဂိုးသမားရဲ့ စွမ်းဆောင်ရည် အားနည်းမှုကြောင့်လည်း အများကြီး ပါပါတယ်။ ဒါပေမယ့် မန်ယူဂိုးသမား အိုနာနာအနေနဲ့ ပွဲစဉ် (၁၂) အပြီးမှာ ဂိုးမပေးရအောင် လေးပွဲအထိ စွမ်းဆောင်ထားနိုင်တာ တွေ့ရတယ်။ ၎င်းရဲ့အထက်မှာဆိုရင် ခရစ္စတယ်ပဲလေ့စ်ဂိုးသမား ဂျွန်စတုန်းနဲ့ နယူးကာဆယ်ဂိုးသမား နစ်ပုပ်တို့သာ ရှိတယ်။

'ရှင်နည်းရာ အဂ္ဂလူထွက်' ဆိုသလို မန်ယူအသင်းမှာ အီဗန့်စ်၊ လုခ်ရှော၊ မာတီနက်ဇ်၊ မာလာစီယာ၊ ကက်စမဲရိုးတို့ ဒဏ်ရာကြောင့် ကာလရှည်အနားယူရမယ့်အချိန်မှာ ကွင်းလယ်က အဲရစ်ဆင်နဲ့ တိုက်စစ်က ဟွိုက်လန်းတို့ပါ ဒဏ်ရာကြောင့် ထပ်မံအနားယူရဖွယ်ရှိနေတော့ နည်းပြတန်ဟက်အတွက် ခေါင်းကိုက်စရာ၊ စိတ်ရှုပ်စရာ ဖြစ်လာတယ်။

နည်းပြတန်ဟက်အနေနဲ့ မန်ယူအသင်းကို ၂၀၂၂ ခုနှစ် မေလမှာ စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး လက်ရှိအချိန်အထိ ပြိုင်ပွဲအရပ်ရပ် ပွဲပေါင်း ၈၀ ကိုင်တွယ်ထားရာ ပွဲ ၅၀ နိုင်၊ ကိုးပွဲသရေနဲ့ ၂၁ ပွဲ ရှုံးနိမ့်ထားတယ်။ ပရီမီယာလိဂ်မှာဆိုရင် ပွဲ ၅၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်တယ်။ ဒီရာသီမှာ ၎င်းကိုင်တွယ်တဲ့ ပထမဆုံး ၁၇ ပွဲမှာ ကိုးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် နည်းပြအဖြစ်မှ ထုတ်ပယ်ခံရတော့မယ်လို့ ထင်ကြေးပေးပြောဆိုနေမှုတွေရှိသော်ငြား ပြီးခဲ့တဲ့ ပွဲစဉ်မှာ လူတန်အသင်းကို အနိုင်ရရှိမှုနဲ့အတူ ပရီမီယာလိဂ် ပွဲ ၅၀ ပြည့်မြောက်ပြီးနောက် ရမှတ် ၉၆ မှတ် အထိ စုဆောင်းထားနိုင်တဲ့ မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့တာ ဖြစ်တယ်။

ဒါဟာ ဖာဂူဆန်နောက်ပိုင်း မန်ယူအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့တဲ့ မော်ရင်ဟို (၉၅ မှတ်)၊ ဗန်ဟားလ် (၉၄ မှတ်)နဲ့ ဆိုးလ်ရှား (၈၅ မှတ်) တို့ထက် များပြားနေတာ တွေ့ရတယ်။

မန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းက အဲရစ်ဆင်၊ ကက်စမဲရိုး၊ ဖာနန်ဒက်စ်၊ တွန်မီနေးတို့အနေနဲ့ ပြီးခဲ့တဲ့ ရာသီမှာ အတွဲအဖက်ညီညီ ကစားနိုင်ခဲ့တာကြောင့် ပြီးပြည့်စုံမှုတစ်ခုကို ပိုင်ဆိုင်ခဲ့တဲ့အပြင် အသင်းအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သလို ကာရာဘောင်ဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့တဲ့အထိ အောင်မြင်မှုတချို့ ရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီရာသီမှာ အဲဒီကစားသမားတွေဟာ မကြာခဏနားလည်မှုလွဲတာအပြင် အသင်းဖော်ဆီ ဘောလုံးဖြန့်ဝေမှုပိုင်းမှာ တိကျမှု လျော့နည်းတာ တွေ့ရသလို ဂိုးပါဝင်ပတ်သက်မှုပိုင်းမှာလည်း ယမန်နှစ်ကထက် သိသိသာသာ လျော့နည်းလာတာ တွေ့ရတယ်။

ဒါကြောင့် နည်းပြတန်ဟက်အနေနဲ့ အသင်းရဲ့ လိုအပ်ချက်တွေကို အချိန်မီပြင်ဆင်ကာ လာမယ့်ပွဲစဉ်ကစပြီး ဘယ်အတိုင်းအတာအထိ လုပ်ပြသွားနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ။

အဲဗာတန် VS မန်ယူ
တနင်္ဂနွေ၊ နိုဝင်ဘာ ၂၆၊ ည ၁၁ နာရီ

(၂၁)ကြိမ်မြောက် ဒီပါဝလီပွဲတော် ဆီမီးထွန်းညှိပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူး၍ ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာပွဲတော်ဖြစ်သော (၂၁)ကြိမ်မြောက် ဒီပါဝလီပွဲတော် ဆီမီးထွန်းပူဇော်ပွဲအထိမ်းအမှတ်နှင့် ညစာစားပွဲကို ရန်ကုန်မြို့ Sky Star Hotel ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းငြိမ်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ထူးဆောင် နာယကကြီးများနှင့် ဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးသိန်းလွင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေး(ဗဟို)အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများက ဒီပါဝလီပွဲတော် အထိမ်းအမှတ်အဖြစ် ဆီမီးထွန်းညှိပူဇော်ကြပြီး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များရရှိသော ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) ဂုဏ်ထူးဆောင်နာယကကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခြုံပဝါများဖြင့် ဂုဏ်ပြုချီးမြှင့်ကြပြီးနောက် တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) နာယက၊ အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ဘာသာပေါင်းစုံအဖွဲ့ ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခဲ့ကြသည်။

အောင်မြင့်(ပြန်/ဆက်)

ရန်ကုန်မြို့ အိမ်ခြံမြေစူပါမားကတ်ပြပွဲတွင် ဘဏ်များနှင့်ချိတ်ဆက်ဝယ်ယူနိုင်

ရန်ကုန် နိုဝင်ဘာ ၁၈
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ယနေ့နံနက် ၉ နာရီက အိမ်ခြံမြေစူပါမားကတ် (Little Yangon Property Supermarket) ပြပွဲဖွင့်ပွဲ ပြုလုပ်သည်။

"ဒီအိမ်ခြံမြေလောကမှာ ရောင်းမှားဝယ်မှားပြဿနာတွေ အတော်ရှိတယ်။ ခဏခဏလည်း ဖြစ်နေတယ်။ အဲဒီလို

ရောင်းမှားဝယ်မှားမဖြစ်ရအောင် ပိုင်ဆိုင်မှုခိုင်မာတဲ့ အိမ်ခြံမြေတွေ ဝယ်ယူနိုင်အောင်၊ စိတ်ချလက်ချဝယ်ယူနိုင်အောင်လို့ ဒီပြပွဲကို စီစဉ်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ပိုင်ဆိုင်သူဦးရေက နည်းပါတယ်။ ဒါကြောင့် ဝယ်ယူနိုင်အောင် အရစ်ကျစနစ်တွေပါတယ်။ ဘဏ်တွေနဲ့လည်း ချိတ်ဆက်ထားတယ်။ အခုဆို ၂၅ နှစ် အရစ်ကျစနစ်နဲ့ ရောင်းချပေးတာတွေ ပါဝင်ပါတယ်" ဟု Link property ၏ Co-Founder & Director ကိုကျော်စွာဟိန်းက ပြောသည်။

အဆိုပါအိမ်ခြံမြေစူပါမားကတ်ပြပွဲတွင် ရန်ကုန်မြို့ရှိ ပရောဂျက်အစုံများ၊ မြို့နယ်စုံမှကွန်ဒို၊ တိုက်ခန်းမြေကွက်များ၊ ဘဏ်ပြခန်းများ၊ ထိုင်း၊ ဒူဘိုင်းမှ ကွန်ဒိုပြခန်းများ စသည့် ပြခန်းပေါင်း ၄၀ ခန့် ပြသထားသည်။

ထို့ပြင် အိမ်ခြံမြေနှင့်ပတ်သက်သည့် ဟောပြောပွဲများ၊ အိမ်ခြံမြေနှင့် ကားကျွမ်းကျင်သူပညာရှင်များက ဆွေးနွေးဟောပြောခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အာကာလင်း

အခြေခံစက်ချုပ်(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

ဖျာပုံ နိုဝင်ဘာ ၁၈
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဆောင်ရွက်နေသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအရ ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်(မွမ်းမံ) သင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နိုင်လင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသားငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းကတ်ပြားများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့သည်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

ပင်းတယမြို့နယ်၌ ဆောင်းရာသီသီးနှံစိုက်ပျိုးစရိတ် ဆက်လက်ထုတ်ချေး

ပင်းတယ နိုဝင်ဘာ ၁၈
ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဆင်ခေါင်းရပ်ကွက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲတွင် နိုဝင်ဘာ ၁၇ ရက်က ဆောင်းရာသီသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို ဆက်လက်ဆောင်ရွက်သည်။

စိုက်ပျိုးစရိတ် ချေးငွေများကို ပင်းတယမြို့မအုပ်စု၊ မိုင်းလီကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာအုပ်စု၊ နန်းကုန်းကျေးရွာအုပ်စု၊ ပင်ပျော်ကျေးရွာနှင့် ညောင်ဝန်းကျေးရွာအုပ်စုရှိ တောင်သူ ၁၈၁ ဦးတို့အား ပန်းနှမ်းသီးနှံ ၁၀၃၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ် ၁၀၃၇ သိန်းကို ထုတ်ချေးပေးသည်။

ပင်းတယမြို့နယ်အတွင်းရှိ ချေးငွေပေးဆပ်ပြီးသော ကျေးရွာအုပ်စုများရှိ စိုက်ပျိုးတောင်သူများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆောင်းရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၄၀၀ ထုတ်ချေးပေးရန် လျာထားကြောင်း ပင်းတယမြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်ခင်အေးအေးထံမှ သိရသည်။

အောင်ကိုဦး (ပြန်/ဆက်)

အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိဂုဏ်အိမ်ရာ၊ အမှတ် (၅/၆)တွင် ဖွင့်လှစ်ထားသော FORWARD LA MIN COMPANY LIMITEDသည် ၁၆-၁၁-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေအတွက် ၁၅၀၀ (တန်ဖိုး ကျပ်သိန်း ၁၅၀၀) မှ အစုရှယ်ယာ အရေအတွက် ၅၀၀ (တန်ဖိုး ကျပ်သိန်း၅၀၀)သို့ အစုရှယ်ယာ အရေအတွက် လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/ 45918 ယာဉ်လက်ဝယ်ရှိသူ THET HTAR ZIN TRADING CO.,LTDက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မြင်းခြံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/43164, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီဦး ၁၄/ပသန (နိုင်)၀၀၅၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4698,Honda Partner GJ 3, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုးမင်း ၁၂/လမတ(နိုင်)၀၀၁၂၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ဥပုသ်တော်အိမ်ရာ၊ ပထမထပ်အခန်း(၁)၊ အဆောင်(၂)အား ဒေါ်သဲမာမြင့် ၅/ဆလက(နိုင်)၀၃၁၀၆၈မှ ပိုင်ဆိုင်ပြီး ဒေါ်သန်းသန်းနု ၉/မနတ(နိုင်)၀၀၄၄၄၈ မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တိုက်ခန်းပိုင်ဆိုင်မှုစာအုပ် အမည်ပြောင်းတင်ပြလျှောက်ထားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ဖြစ်စေ၊ အောက်ပါလိပ်စာသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်သန်းသန်းနု
၉/မနတ(နိုင်)၀၀၄၄၄၈
ပထမထပ်အခန်း(၁)၊ အဆောင်(၂)၊ ဥပုသ်တော်အိမ်ရာ၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/3682 Toyota SEQUOIA USK65 S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးစစ်ပိုင်အောင် ၁၂/ရပသ(နိုင်)၀၄၂၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ -

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်**အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ**ထက်မကြီးရ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ သဖန်းပင်ရပ်ကွက်နေ ဦးဂနက်ဘာဒူး ၉/မကန(နိုင်)ဝ၆၅၂၈၅၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၁၂၅၃၀၄

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အထက(ကညင်ကျိုး)ကျောင်းမှ အထက်တန်းပြ ဆရာမ နော်ဝင်းဇာခြည်နှင့် ဒေါ်နော်ဝင်းဇာခြည် ၇/ကတခ(နိုင်)၁၈၃၁၅၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ အထက (ကညင်ကျိုး) ကျောင်းမှ လ/ထ မူလတန်းပြဆရာ စောမျိုးမင်းသန့်နှင့် ဦးစောမျိုးမင်းသန့် ၇/ကတခ(နိုင်)၁၇၅၄၈၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ မူလွန်(အလယ်ခင်)ကျောင်းမှ လ/ထ မူလတန်းပြဆရာမ ဒေါ်လွဲ့လွဲ့သင်း ၇/ကတခ (နိုင်) ၁၂၈၇၇၂ ၏ ဖခင် ဦးကြည်လေး(ခ)ဦးကြည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

(၅၅) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၁.၂၀၂၃) ရက်နေ့မှ စတင်ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒီဇင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။

ထီဖွင့်ရန် (၁၂)ရက်သာ လိုတော့သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် (၃၀၄၄+၃၀၄၅)၊ အကျယ်အဝန်း (၈၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခိုင်သဇင်ဦး (၁၂/ဥကတ(နိုင်)၁၆၁၃၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေး ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈

ပျောက်ဆုံးကြောင်း သာသနာဝင်အမှတ် ၀၀၀၇၃၁ ကိုင်ဆောင်သူ ဦးနက္ခမ္မ(ဘ)ဦးကျော်ရွှေ ၏ P.P နံပါတ် M-538217 ပျောက်ဆုံးပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၇၉၂၄၆၉၈၆၃**

ပိုးသတ်ဆေးဖြန့်ဖြူးသူအမည် ပြောင်းလဲကြောင်း ကြော်ငြာခြင်း

SUNDAT (S) PTE LTD မှ မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပစ္စည်းများကို မူလဖြန့်ဖြူးသည့် Sundat Myanmar Co.,Ltd မှ OMO Family Co.Ltd သို့ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်-

OMO FAMILY CO.LTD 09-5300865

Sr.	Trade Name	Active Ingredient	Type of pesticide	Registration No.
1.	Sunfan 20% EC	Carbosulfan 20% EC	Insecticide	FF2021-754

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

